ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (22-3-2008) (၅၆၃၀)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၌ ကျင်းပ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုပြီး ဘွဲ့တံဆိပ်တော်များဆက်ကပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၂၁

"သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်ပြုပူဇော်ထိုက်သည့် ဂုဏ်အင်္ဂါအထူးတို့ဖြင့်ပြည့်စုံသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့အား ချီးမြှောက်ကော်ရော် ပူဇော်သိမှတ် ဂုဏ်ပြုအပ်၏" ဟူသော ဒေသနာတော်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဗုဒ္ဓမြတ်စွာနှင့် ရှေးသာသနာပြုမင်းတို့၏ ထုံးနည်းစနစ်ကို လိုက်နာကျင့်သုံးလျက် ဗုဒ္ဓမြတ်စွာသာသနာတော်၌ ပရိယတ္တိတာဝန်(ဂန္ထဓုရ)နှင့် ပဋိပတ္တိတာဝန်(ဝိပဿနာဓုရ)များကို ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်တော်မူကြသည့် ပြည်တွင်း၊ ပြည်ပမှ ဆရာတော် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် ဗုဒ္ဓသာသနာတော်အား ထူးကဲစွာ လှူဒါန်းထောက်ပံ့ပူဇော်ကြသည့် ဥပါသကာ၊ ဥပါသိကာမတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို နှစ်စဉ် ဆက်ကပ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် သူ့ကျွန်ဘဝရောက်ချိန်တွင် နယ်ချဲ့ကိုလိုနီတို့၏ ဖိနှိပ်မှုဒဏ်ကြောင့် မြတ်ဗုဒ္ဓ၏ သာသနာရောင်ရှိန် မှေးမှိန်ခဲ့ရသော်လည်း လွတ်လပ်ရေးရရှိပြီးသည့် နောက်ပိုင်းကာလများတွင်မူ အုပ်ချုပ်သူအစိုးရတို့သည် ပြည်တွင်းရှိ သာသနာ့ဦးသျှောင် ဆရာတော်ကြီးများကိုသာမက ပြည်ပရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဆရာတော်များကိုပါ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်များကို စဉ်ဆက်မပြတ် ဆက်ကပ်လှူဒါန်းခဲ့သည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက် ၁၉၉၁ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၄၂/၉၁)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် အမျိုးအစား ၂၀ တို့ကို အသစ်တီထွင်ပြဋ္ဌာန်းခဲ့ပြီးနောက် စဉ်ဆက်မပြတ် ယခင်ဆက်ကပ်လှူဒါန်းမြဲ ဘွဲ့တံဆိပ်တော်များနှင့် အသစ်တီထွင်ပြဋ္ဌာန်းသော ဘွဲ့တံဆိပ်တော်များကို ပြည်တွင်းနှင့်ပြည်ပမှ သာသနာတော်ဆိုင်ရာ ထူးခြားသော ဂုဏ်အင်္ဂါအရည်အချင်းနှင့် ပြည့်စုံသည့် ရဟန်းတော်များ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား နှစ်စဉ် ဆက်ကပ်လှူဒါန်းချီးမြှင့်ခဲ့ရာ ယခုနှစ် ၁၃၆၉ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ရက်၊ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်း ခံရသူများ၏ ဘွဲ့တံဆိပ်အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့သည်။

ထိုသို့ ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းခံရသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာနွယ်ဝင် သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ခမ်းနားထည်ဝါ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး သာသနာတော်ဆိုင်ရာ **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ❁

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

၂၂-၃-၂၀၀၈
(စနေနေ့)

ကျန်းမာကြံ့ခိုင် အသက်ရှည်စေရေး အရှိန်အဟုန်မြှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်ဖြစ်သည်။ လူ့ဘဝတွင် လူတိုင်းအသက်ရှည်ပြီး ကျန်းမာကြံ့ခိုင်မှသာ အရာရာကို သယ်ပိုးဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးနေသည်။ အနာကြီးရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အချို့ရောဂါများအား ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ဖယ်ရှားနိုင်ခဲ့ပြီဖြစ်သည်။

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ၊ တီဘီနှင့် ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ပြည်တွင်း ပြည်ပ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကြိုးပမ်းလျက်ရှိရာ အချို့သော ရောဂါဆိုးကြီးများ ကင်းဝေးပပျောက်သည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ခုခံအားကျဆင်းမှုရောဂါ/ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ပေါင်း လေးဆယ်ကျော်အထိ ဖွဲ့စည်းဆောင်ရွက်နေသည်။ ကုလသမဂ္ဂအဖွဲ့အစည်း ခုနစ်ခု၊ အပြည်ပြည်ဆိုင်ရာလူမှုရေး အဖွဲ့အစည်း ၁၈ ခု၊ ပြည်တွင်းလူမှုရေးအဖွဲ့အစည်း ၁၇ ခုနှင့် ဝန်ကြီးဌာန ခြောက်ခုတို့ ပူးပေါင်းကြိုးပမ်းလျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည်။ ယင်းသို့ ကြိုးပမ်းမှု၏ရလဒ်အဖြစ် နိုင်ငံအတွင်း ခုခံအားကျဆင်းမှုကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်းမှာ ၂၀၀၀ ပြည့်နှစ်တွင် ၁ဒသမ၅ ရာခိုင်နှုန်းရှိရာမှ ၂၀၀၇ ခုနှစ်တွင် သုည ဒသမ ၇ ရာခိုင်နှုန်း အထိ ကျဆင်းသွားပြီဖြစ်သည်။

တီဘီရောဂါတိုက်ဖျက် နှိမ်နင်းရေးတွင် ၁၉၉၇ ခုနှစ်မှစတင်၍ တိုက်ရိုက်ကြည့်ရှုအချိန်တိုနှင့်ကု (DOTS) နည်းဗျူဟာ ကျင့်သုံးလာခဲ့ရာ ၂၀၀၃ ခုနှစ်တွင် တစ်ပြည်လုံးရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်၌ လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ဖြစ်သည့် ရောဂါရှာဖွေတွေ့ရှိနှုန်း ၇၀ ရာခိုင်နှုန်းနှင့် ရောဂါပျောက်ကင်းမှုနှုန်း ၈၅ ရာခိုင်နှုန်း ပြည့်မီခဲ့ကြောင်း သိရသည်။

နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ယခုကဲ့သို့ တိုးမြှင့်ဖော်ဆောင်ပေးနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများနှင့် အရှိန်အဟုန်မြှင့် ပူးပေါင်း ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများ ရောဂါဘယကင်းရှင်းပြီး အသက်ရှည်ကျန်းမာကြံ့ခိုင်ကြမည် ဖြစ်ပါသည်။ ။

ပဲခူးမြို့နယ် အင်းတကော် စံပြကျေးရွာ တောင်ကိုးလုံးရှိ နန်းတော်ဦးတောရကျောင်းတွင် တည်ထားဆဲ ဂန္ဓာသယပြည်လုံးချမ်းသာနန်းဦးစေတီတော်အတွက် မိဘနှစ်ပါးကို အမှူးထား၍ တေးသံရှင်၊ သရုပ်ဆောင်ရတနာမိုင်က အလှူငွေကျပ် သိန်း ၃၀ ကို စေတီတော်တည်ဆောက်ရေး ဦးစီးဆရာတော် ဘဒ္ဒန္တဝါယမိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ် အဖနိုင်ငံတော်တပ်ဦး ဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E.Mr. Vu Trong Kim **ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၀ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင် ဗီယက်နမ်အဖနိုင်ငံတော် တပ်ဦးဒုတိယဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူး H.E. Mr. Vu Trong Kim **ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးမောင်ပါနှင့် ဌာနချုပ်ရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Tran Van Tung နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အသင်းကြီး၏ ရည်ရွယ်ချက်များ၊ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် အသင်းကြီးက ပါဝင်ဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်၏ ပကတိဖြစ်ပေါ်တိုးတက်ပြောင်းလဲနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဧည့်သည်တော် H.E. Mr. Vu Trong Kim က ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ အဖနိုင်ငံတော်တပ်ဦးအနေဖြင့် ဗီယက်နမ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်သည့်အတွက် မိမိနိုင်ငံ၏ ပြည်တွင်းရေးကို မိမိဖြေရှင်းနေသည်ကို ထောက်ခံပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ပါအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေသည်ကိုလည်း ထောက်ခံပါကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းများတွင် အောင်မြင်စွာ ပါဝင်ဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ မြန်မာနိုင်ငံ၏ပကတိဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု အခြေအနေမှန်များကိုလည်း ဗီယက်နမ်ပြည်သူများ သိရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် အသင်းနှစ်သင်း၏ ရှိပြီးသော ချစ်ခင်ရင်းနှီးမှုများကိုလည်း ပိုမိုတိုးတက်ခိုင်မြဲရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

တွေ့ဆုံပွဲအပြီးတွင် အထွေထွေအတွင်းရေးမှူးနှင့် ဧည့်သည်တော်များသည် အမှတ်တရလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၁

ဦးရွှေသွင်သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်း၌ မတ် ၁ ရက် ညနေ ၅နာရီ ၁၅မိနစ်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၆)၌ ကိုက် ၁၄၀အကွာမှ Srixon Zurs 2 ဘောလုံးကို Taylormade CGB Iron 8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးသံမိုး၊ ဦးမင်းသိန်း၊ ဦးစိန်သောင်းတို့နှင့်အတူကစားလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြို့ လသာမြို့နယ် လမ်း ၂၀နေ ကွယ်လွန်သူ ဦးအောင်ကြိုဝမ်း(ခ) ဦးကျော်ဝင်းအား ရည်စူး၍ ဇနီး ဒေါ်အုန်းရှင်နှင့် သား၊ သမီး၊ မြေး၊ မြစ်များက ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် ဓမ္မစေတီလမ်း အလယ်တောရအတွင်းရှိ ဆောက်လုပ်ဆဲ ရတနာကျော်မော် သီလရှင်စာသင်တိုက် သုံးထပ်ကျောင်းဆောင်အတွက် မန္တလေးမြို့ ၂၈လမ်း ၇၇-၇၈လမ်းကြားနေ ဦးမြင့်ဖေ-ဒေါ်မေမေဝင်း မိသားစုက ငွေကျပ်ငါးသိန်းကို ဖေဖော်ဝါရီ ၂၈ရက်က သီလရှင်စာသင်တိုက် ပဓာနဆရာကြီး ဒေါ်ဝိကေသီထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

"ဒီဇာတ်ကားကို ရိုက်ကူးခဲ့တဲ့နေရာမှာ တပ်မတော်သားတွေရဲ့ ဘဝကို တကယ် ကိုယ်စား ပြုပြီး ရိုက်ကူးခဲ့တာဖြစ်"

(ဒါရိုက်တာ-ညိုမင်းလွင်)

● ရင်တသိမ့်သိမ့်မှ

ယခုဇာတ်ကားကို ရိုက်ကူးခဲ့သည့်နေရာများနှင့်ပတ်သက်ပြီး မေးမြန်းသည့်အခါ "တောင်ကြီး၊ ဗထူးနဲ့ သန်လျင်တို့မှာ သွားရောက်ရိုက်ကူးခဲ့ပြီး တောင်ကြီးတက္ကသိုလ်မှာ ဗိုလ်ကြီးနေဦး (သူထူးစံ)နဲ့ နန်းရွှေကြာနု (သက်မွန်မြင့်)တို့ရဲ့ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူဘဝ၊ ဗထူးမှာတော့ ဒီဇာတ်ကားရဲ့ ၇၀ ရာခိုင်နှုန်းလောက် ရိုက်ကူးခဲ့ပြီး သန်လျင်မှာ ဇာတ်သိမ်းတိုက်ပွဲနဲ့ လက်ကျန်အခန်းတွေ ရိုက်ကူးခဲ့ပါတယ်" လို့လဲ ဒါရိုက်တာညိုမင်းလွင်က ဆက်ပြီး ရှင်းပြသည်။

ပီပြင်စွာရိုက်ကူး

ထို့အပြင် သောင်းကျန်းသူစခန်းတစ်ခုကို တိုက်ခိုက်သည့်အခါ တပ်မတော်အရာရှိ၊ အကြပ်၊ တပ်သားများအားလုံးကို ကိုယ်စားပြုပြီး ရိုက်ကူးခဲ့သည့်အပြင် တပ်မတော်သားလေးငါးခြောက်ဦး အသက်ရှင်ဖို့ တပ်မတော်သားတစ်ဦးက စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်ခဲ့ပုံများကိုလည်း ပီပြင်စွာ ရိုက်ကူးခဲ့ကြောင်း သိရသည်။

တိုက်ပွဲများ

တိုက်ပွဲများ ရိုက်ကူးရာတွင်လည်း "တိုက်ပွဲအခန်းတွေ ရိုက်ကူးခဲ့တဲ့အခါမှာ ပုံစံလေးမျိုးနဲ့ ရိုက်ကူးခဲ့ပြီး မိုင်းရှာတိုက်ပွဲကို စိတ်လှုပ်ရှားစရာကောင်းအောင်၊ ဖောင်ဖျက်တိုက်ပွဲ ရိုက်ကူးတဲ့အခါ တကယ့်ဖြစ်ရပ်နဲ့ ထပ်တူကျအောင်နဲ့ ကြည့်လို့ကောင်းအောင်လည်း ရိုက်ကူးခဲ့ပါတယ်။ နောက်ပြီး ရှာတိုက်ပွဲတွေဆိုလည်း လက်တွေ့တိုက်ပွဲတစ်ခုကို မြင်တွေ့နေရသလို ရိုက်ကူးခဲ့တဲ့အပြင် ဇာတ်သိမ်းတိုက်ပွဲဆိုရင်လည်း တစ်ဖက်နဲ့တစ်ဖက် အပစ်အခတ်တွေကြားမှာ တပ်မတော်သားတွေ တစ်ဦးနဲ့တစ်ဦး သံယောဇဉ်ရှိမှု၊ သစ္စာရှိမှုနဲ့ အနစ်နာခံမှုတွေကို ထင်သာမြင်သာအောင် ရိုက်ကူးထားပါတယ်။ ဒါ့အပြင် ဒီဇာတ်ကားဟာ ကျွန်တော့်ရဲ့ ပထမဆုံး တပ်မတော်နေ့ ရိုက်ကူးထားတဲ့ကားဖြစ်ပြီး အချိန်၊ လုပ်အား၊ အနုပညာ အကုန်ပေးပြီး ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်ကားကို တကယ်ကြည့်လိုက်တဲ့အချိန်မှာ ဩော်-သူတို့ တကယ်ကြိုးစားပြီး အပင်ပန်းခံရိုက်ကူးခဲ့ပါလားဆိုတာ အသိအမှတ်ပြုခံရရင် ကျေနပ်ပါတယ်" ဟု ဒါရိုက်တာညိုမင်းလွင်က ရှင်းပြသွားသည်။

"တာဝန်ကို အသက် စွန့်ပြီး ထမ်းဆောင်ခဲ့တဲ့ တပ်ကြပ်ကြီး တစ်ဦး အဖြစ် အားထည့် သရုပ်ဆောင် ထားပါတယ်"

(သရုပ်ဆောင်-မင်းဟိဏ်း)

မင်းဟိဏ်း

ထို့နောက် ယခုဇာတ်ကား၌ တပ်ကြပ်ကြီးမျိုးချစ်အဖြစ် သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်သရုပ်ဆောင် မင်းဟိဏ်းအား ဆက်လက်တွေ့ဆုံမေးမြန်းခဲ့ရာ "ဆွေမျိုးမရှိ တစ်ကိုယ်တည်းသမားတစ်ဦးအနေနဲ့ တပ်မတော်သားတွေကိုပဲ သံယောဇဉ်ထားရှိခဲ့တဲ့

သရုပ်ဆောင် မင်းဟိဏ်း ဇာတ်ဝင်ခန်း ရိုက်ကူးစဉ်။

ခန့်ဆင်းကာ သရုပ်ဆောင်ခဲ့မှုကြောင့် ဆေးရုံရောက်ခဲ့ရသည်အထိ မင်းဟိဏ်း ကြိုးစားခဲ့ကြောင်း သိရသည်။

တပ်မတော်နေ့ ဂုဏ်ပြုဇာတ်ကား၌ သရုပ်ဆောင်မှုအပေါ် မေးမြန်းရာတွင် "ကျွန်တော့်အဖေက တပ်မတော်အငြိမ်းစားတစ်ဦးပါ။ ငယ်စဉ်ကတည်းက တပ်ထဲမှာ နေထိုင်ခဲ့ဖူးတာမို့ တပ်မတော်သားဘဝကို စိတ်ဝင်စားတယ်။ တပ်မတော်သားအဖြစ် အခုလို ကွန်မန်ဒိုတပ်စု တပ်ကြပ်ကြီးအဖြစ် သရုပ်ဆောင်ခဲ့တဲ့အပြင် သေနတ်မှန်ထားပေမယ့် တာဝန်ကို အသက်စွန့်ပြီး ထမ်းဆောင်ခဲ့တဲ့ တပ်ကြပ်ကြီးတစ်ဦးအဖြစ် အားထည့်သရုပ်ဆောင်ထားပါတယ်" ဟု သရုပ်ဆောင်မင်းဟိဏ်းက ပြောပြသည်။

ထို့အပြင် ယခုဇာတ်ကား၌ ခက်ခက်ခဲခဲ သရုပ်ဆောင်ခဲ့ရာတွင် ချောင်းဖြတ်ကူးတိုက်ပွဲခန်းမှာ အအေးလွန်ကဲနေသည့်အချိန် ရေထဲ လေးနာရီ သရုပ်ဆောင်ရတာ ဝါသနာလည်း ပါတယ်။ ကိုယ်တတ်တဲ့ အနုပညာနဲ့ တိုင်းပြည်အတွက် တာဝန်တစ်ခု ပေးဆပ်လိုက်ရတာမို့ ကျေနပ်ပါတယ်။ ဒီဇာတ်ကားမှာ တပ်မတော်သားအချင်းချင်း သံယောဇဉ်၊ သစ္စာတရား၊ ချစ်ခင်မှု၊ တာဝန်ကျေပွန်မှုနဲ့ အမိန့်နာခံမှုတွေ အကုန်လေးလေးနက်နက် သရုပ်ဆောင်ခဲ့ပါတယ်" ဟု သရုပ်ဆောင်မင်းဟိဏ်းက ရှင်းပြသည်။

တာဝန်ကျေပွန်စွာ

ထို့အပြင် ယခုဇာတ်ကား၌ မှတ်မှတ်ရရရှိသော သရုပ်ဆောင်မှုနှင့် ပြောစကားများကို မေးမြန်းရာ "ကျွန်တော်တို့စစ်ကြောင်း ရွာထဲဝင်တဲ့အခါ ရွာသားတွေ အကုန်ကြောက်လန့်ပြီး ပုန်းခဲ့ကြတယ်။ အဲဒီမှာ ရွာလူကြီးတစ်ဦးရဲ့ အိမ်ကိုဝင်ပြီး ပုန်းနေတဲ့ ရွာလူကြီးကို ကျွန်တော်တို့ရှမ်းစကားနဲ့ ပြောကြားခဲ့တာပါပဲ။ ရှမ်းစကား ပြောတတ်တာကို အဲဒီရွာလူကြီးအံ့သြပြီး မင်းတို့စစ်ကြောင်းမှာ ရှမ်းစကားပြောတတ်တဲ့ လူတွေပါလားလို့ မေးတာကို ကျွန်တော်က ဒီစစ်ကြောင်းမှာ လူမျိုးပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ ပါဝင်တယ်လို့ ဖြေလိုက်တာကို အဲဒီရွာလူကြီး အံ့သြသွားတဲ့အခန်းနဲ့ နောက်ဆုံးအချိန်အထိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့ အခန်းတွေပါပဲ"ဟု သရုပ်ဆောင်မင်းဟိဏ်းက ဆက်လက်ရှင်းပြသည်။

သစ္စာမော်ကွန်း

ထို့ကြောင့် အချစ်၊ တပ်မတော်သားများဘဝနှင့် တိုက်ပွဲခန်းများကို တစ်ဝကြီးကြည့်ရှုရမည့် (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြား ဇာတ်လမ်းဖြစ်သည့် **"သစ္စာမော်ကွန်း"** ဇာတ်ကားကို မြဝတီနှင့် မြန်မာ့ရုပ်မြင်သံကြားတို့၌ မကြာမီ ထုတ်လွှင့်တော့မည်ဖြစ်ပါကြောင်း။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သည့် "သစ္စာမော်ကွန်း" ဇာတ်ကား၏ ဇာတ်ဝင်ခန်းတစ်ခန်းကို ရိုက်ကူးနေစဉ်။

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၈ (စနေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"နှစ်သစ်မင်္ဂလာရက်ရာဇာ"တရားတော် (ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၈း၀၅-၂း၀၅	သမိုင်းထဲကမင်းရာမကြည်ညိုဖူးမြော်စေတီတော်
၈း၂၀-၂း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၄၅-၂း၄၅	ကျန်းမာရေးကဏ္ဍ တီဘီရောဂါပပျောက်ဖို့ တိုက်ရိုက်ကြည့်ရှုအချိန်တိုကုထုံးနှင့်ကုသကြပါစို့ (ဒေါက်တာအောင်ကျော်လင်း၊ဒေါက်တာကျော်မြင့်ဦး)
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	စားချင်စဖွယ်နည်းအသွယ်သွယ် (အသားစဉကြော်)
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀-၃း၄၀	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၉း၅၅-၃း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀-၄း၀၀	Summer Time
၁၀း၂၀-၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅-၄း၂၅	ဖိတ်ခေါ်လိုက်ပါသည် ငွေဆောင်ကမ်းခြေဆီ
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅-၄း၅၅	တစ်ပတ်အတွင်းအားကစားသတင်း
၁၁း၁၀-၅း၁၀	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	အံ့မခန်းဖူးတွေ့စရာ အလောင်းတော်ကဿပလိုဏ်ဂူမှာ
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	50th Grammy Awards 2008
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	လွင်မိုးခရီးသွားနေသည် (အပိုင်း-၈)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၀	Tottenham-Portsmouth	ESPN(Live)
၉း၂၅	Newcastle-Fulham	ESPN(Live)
	Aston Villa-Sunderland	Star Sports(Live)
၁၁း၄၀	Everton-West Ham	Star Sports(Live)
၁၂း၀၀	Bolton-Man City	ESPN(SDD)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၀၀	Inter Milan-Juventus	5-Cartoons(Live)

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် မတ် ၂၁

ယနေ့နံနက် မြန်မာစံတော်ချိန် နံနက် ၉နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း၊ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်ကလည်းမှန်ကန်၍ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏဆရာတော်များနှင့် လူပုဂ္ဂိုလ်တို့ကလည်း ညီညွတ်ကြ၍ ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်လုံး အရှည်တည်တံ့တိုးတက်နေ

ရန်ကုန် မတ် ၂၁

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ကျင်းပသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားတွင် နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကဝိသာရ ဖတ်ကြားတော်မူသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ကုဏ္ဍလာဘိဝံသ မဟာထေရ်အရှင်မြတ်၏ သမ္မောဒနီယ ဩဝါဒကထာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ဤဩဝါဒကထာကို မြန်မာပြည်၌ သီတင်းသုံးနေကြသော၊ သီတင်းသုံးခဲ့ကြသော ဆရာတော် သံဃာတော်များ၏–

၁။ သာသနာတော်ကြီးကို အရှည်တည်တံ့အောင် အမှန်ကန်ဆုံးဆောင်ရွက်ခဲ့ခြင်းအကြောင်းနှင့်
၂။ သံဃာတော်များ ညီညွတ်ခဲ့ခြင်းအကြောင်းဟူသော ဤအကြောင်းနှစ်ပါးကို အဓိကထား၍ ပြောကြားပါမည်။

ပရိယတ္တိသာသနာ မှန်ကန်စွာ ဆောင်ရွက်ခဲ့ပုံမှာ–

၁။ ဗုဒ္ဓမြတ်စွာ ပရိယတ္တိသာသနာတော်ကြီးကို မြန်မာပြည်၌ သီတင်းသုံးနေတော်မူကြသော၊ သီတင်းသုံးခဲ့ကြသော ဆရာတော် သံဃာတော်တို့သည် ပရိယတ္တိသာသနာတော်ကြီး အရှည်တည်တံ့အောင် အမှန်ကန်ဆုံး ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာပြည် လွတ်လပ်ရေးရပြီးသောအခါမှစ၍ ယခုတိုင်အောင် နှစ်စဉ် ပထမပြန်စာမေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း၊ ထို့နောက် ဓမ္မာစရိယစာမေးပွဲများ ကျင်းပပေးနိုင်ခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်နိုင်ခဲ့ခြင်း၊ တိပိဋကစာမေးပွဲများ ကျင်းပပေးနိုင်ခြင်း၊ ပြည်နယ်၊တိုင်းအသီးသီးတို့၌ ဝိနည်းစာပြန်ပွဲ၊ ဝိနည်းစာမေးပွဲများကျင်းပပေးနိုင်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်နိုင်ခြင်းတို့ဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး အရှည်တည်တံ့အောင်၊ အမှန်ကန်ဆုံးဖြစ်အောင် ပရိယတ္တိသာသနာတော်အတွက် ဆောင်ရွက်တော်မူခဲ့ကြပါသည်။

ပဋိပတ္တိသာသနာ မှန်ကန်စွာဆောင်ရွက်ခဲ့ပုံမှာ–

၂။ ဗုဒ္ဓမြတ်စွာ၏ ပဋိပတ္တိသာသနာတော်ကို မြန်မာပြည်၌ သီတင်းသုံးနေတော်မူကြသော၊ သီတင်းသုံးခဲ့ကြသော ဆရာတော် သံဃာတော်တို့သည် ပဋိပတ္တိသာသနာတော်ကြီး အရှည်တည်တံ့အောင်၊ အမှန်ကန်ဆုံးဖြစ်နိုင်အောင် ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာပြည်သို့ သာသနာတော်ရောက်သည်မှစ၍ ယနေ့ကျအောင် ပဋိပတ္တိသာသနာတော်အတွက် ဆောင်ရွက်ခဲ့ကြပါသည်။ ယခုအခါ ပဋိပတ္တိသာသနာ အရှည်တည်တံ့အောင်၊ မှန်ကန်အောင်၊ ကမ္ဘာသို့ ပျံ့နှံ့သွားအောင် ဆောင်ရွက်နေကြသော ရိပ်သာများမှာ မဟာစည်ဗုဒ္ဓသာသနာ့ရိပ်သာ၊ မိုးကုတ်ရိပ်သာ၊ မင်းကွန်းရိပ်သာ၊ ဦးဘခင်ရိပ်သာ၊ ဦးဂိုအင်ကါရိပ်သာ စသည်တို့ဖြစ်ပါသည်။ ဤရိပ်သာများမှ ဆောင်ရွက်ခြင်းတို့သည် မှန်ကန်သော ဆောင်ရွက်ခြင်းဖြစ်၍ ကမ္ဘာသို့ ပျံ့နှံ့သွားခြင်းဖြစ်ပေသည်။

ယခုလို အလုပ်ကလည်းမှန်ကန်၍ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏ ဆရာတော်များနှင့် လူပုဂ္ဂိုလ်တို့ကလည်း ညီညီညွတ်ညွတ် ဆောင်ရွက်ကြလို့ပင် ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်လုံး အရှည်တည်တံ့တိုးတက်နေခြင်း ဖြစ်ပေသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်း–ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဆရာတော်ထံ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။
(သတင်း–ရွှေဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။
(သတင်း–ရွှေဖုံး) (သတင်းစဉ်)

တပေါင်းလပြည့်နေ့ စည်ကားများပြား

ရန်ကုန် မတ် ၂၁

(ယနေ့) တပေါင်းလပြည့်နေ့သည် ဗုဒ္ဓမြတ်စွာဘုရားရှင် ဘုရားဖြစ်တော်မူပြီးနောက် ၁၀လပြည့်မြောက်သည့်နေ့ဖြစ်သည်။ ထို့အတူ တောထွက်တော်မူသည့်နေ့မှ စတင်ကာ ခုနစ်နှစ်ပြည့်မြောက်သည့် နေ့လည်းဖြစ်သည်။ တစ်ဖန် မြတ်စွာဘုရားရှင်၏ တရားတော်များကို နာကြားရ၍ ဖွားဖက်တော်ကာဠုဒါယီအမတ်နှင့်တကွ တစ်ထောင်သောအမတ်တို့ ရဟန်းအဖြစ် ရောက်ရှိခဲ့သောနေ့လည်းဖြစ်ကာ ခမည်းတော်ရှိရာ ကပ္ပိလဝတ် နေပြည်တော်သို့ ပထမဆုံး ကြွရောက်တော်မူသောနေ့လည်းဖြစ်သည်။

စည်ကားသိုက်မြိုက်

ထိုသို့သော နေ့ထူးနေ့မြတ်တွင် မြန်မာနိုင်ငံတစ်ဝန်း ဘုရား၊ ကျောင်း၊ ကန်များ၌ ဥပုသ်သီလ ဆောက်တည်ကြသူ၊ အလှူဒါနပြုကြသူနှင့် ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက်ရှိသည်ဖြစ်ရာ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်အခါသမယကို ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော် ရင်ပြင်တစ်ခုလုံးတွင် ဘုရားဖူးလာကြသူ၊ သီတင်းသီလဆောက်တည်နေကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိနေသည်ကို တွေ့ရသည်။ ရင်ပြင်တော်ပေါ်တွင် ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်နေကြသူများကား ကြိတ်ကြိတ်တိုးလျက်ရှိပြီး စောင်းတန်းအသီးသီးတွင် အစားအသောက် အလှူအတန်းပြုနေသူများကိုလည်း ကြည်နူးဖွယ် တွေ့မြင်ရသည်။

ရွှေတိဂုံစေတီတော်၏ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် အကြိုအဖြစ် အသံမစဲ ပဋ္ဌာန်းပွဲများကိုလည်း ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ရာသီဥတုသာယာသဖြင့် တပေါင်းလပြည့်နေ့ ဘုရားဖူးလာသူများမှာ ရွှေတိဂုံရင်ပြင်တစ်ခုလုံး ပြည့်လျက်ရှိပြီး ဘုရားရှိခိုးသံ၊ အမျှဝေသံတို့ဖြင့် ပြည့်လျှံလျက်ရှိရာ ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာတရားအပေါ် သက်ဝင်ယုံကြည်မှုကို ကြည်နူးအားရဖွယ်ရာ တွေ့မြင်ရသည်။

ဗိုလ်တထောင်စေတီတော်တွင်လည်း နံနက် အရုဏ်တက်မှစတင်ကာ ဘုရားဖူးများ တဖွဲဖွဲ လာရောက်လျက်ရှိပြီး ရင်ပြင်တော်တစ်ခုလုံး ဘုရားဖူးများဖြင့် ပြည့်လျက်ရှိသည်ကို တွေ့ရသည်။

ရွှေဘုန်းပွင့်စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ (၅၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော်ရှိ ဓမ္မာရုံသစ်ကြီး၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ပရိတ်တရားတော်နာယူ

ထို့နောက် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ မြသိန်းတန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကေသရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ရွတ်ပွားတော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအမှူးပြုသော ဆရာတော် သံဃာတော် ၁၀၈ပါးနှင့် သီလရှင် ၂၉ ပါး စုစုပေါင်း ၁၃၇ပါးတို့အား အလှူရှင်များက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြသည်။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးတင် ပူဇော်ပွဲကို နံနက်အရုဏ်တက်ချိန်တွင် ယင်းစေတီတော် ဓမ္မာရုံသစ်ကြီး၌ ကျင်းပသည်။

တပေါင်းလပြည့်နေ့တွင် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံတစ်ဝန်း ဘုရား၊ စေတီ၊ ကျောင်း၊ ကန်၊ တန်ဆောင်းများ၌ ဥပုသ်သီတင်း ဆောက်တည်သူ၊ တရား ဘာဝနာပွားများသူ၊ အလှူဒါနပြုသူနှင့် ဘုရားဖူးလာပြည်သူတို့ဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် သာသနာနုဂ္ဂဟ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သီလရှင်ဆရာကြီးထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သီလရှင်ဆရာကြီးထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သီလရှင်ဆရာကြီးထံ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

ဘွဲ့တံဆိပ်အပ်နှင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ် အပ်နှင်းစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

✻ ကျောဖုံးမှ

နိုင်ငံတော်ဆိုင်းအဖွဲ့က သီချင်းကြီးများဖြင့် တီးမှုတ်ဖျော်ဖြေသည်။ ထို့နောက် နံနက် ၁၁နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးရှိ နားနေခန်းသို့ တာဝန်ရှိသူများက ကြိုတင်ပင့်ဆောင်ထားကြပြီး ကျန်ဘွဲ့ခံဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ့ဂုဏ်ဘွဲ့ရ လူပုဂ္ဂိုလ်များအား မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးအတွင်းရှိ သတ်မှတ်နေရာများ၌ နေရာချထားပေးကြသည်။

ယင်းနောက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ ဦးဆောင်သော တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတနှင့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး တောင်ဘက်မုခ်ဦးမှ စတင်၍ မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာကြရာ သာသနာရေးဝန်ကြီးဌာနမှ အရာထမ်းများဖြစ်ကြသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က အောင်သပြေစိုက်ငွေဖလားကို ပိုက်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမြတ်သူက ပန်းကလပ်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်းက ကွမ်းတောင်ကို ကိုင်ဆောင်လျက်လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက "နိုင်ငံတော်သံဃမဟာ နာယက" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက်လည်းကောင်း ပင့်ဆောင်လာကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး ဦးတင်အောင်ထွန်းက "တိပိဋကဓရ တိပိဋကကောဝိဒ" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများအား ပင့်ဆောင်လာသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်က "အဘိဓဇမဟာရဋ္ဌဂုရု" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီး သုံးပါးတို့အား ပင့်ဆောင်လာသည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဦးအောင်သိန်းညွန့်က "အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီး ခြောက်ပါးတို့အား ပင့်ဆောင်လာသည်။

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနိုင်က "အဂ္ဂမဟာပဏ္ဍိတ" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော် ၂၈ ပါးတို့အား ပင့်ဆောင်လာသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးသန်းဝင်းက "အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ" ဆိုင်းဘုတ်ကို ကိုင်ဆောင်လျက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီး ၃၄ ပါးတို့အား ပင့်ဆောင်လာပြီး ဌာနမှူး ဦးထွန်းညွန့်က ပန်းမိုးရွာလျက် နောက်ဆုံးမှ လိုက်ပါလာသည်။

ယင်းကဲ့သို့ ဆရာတော်ကြီးများအား မင်္ဂလာနတ်လမ်းအတိုင်း ခမ်းနားထည်ဝါစွာဖြင့် ပင့်ဆောင်လာချိန်တွင် နိုင်ငံတော်ဆိုင်းအဖွဲ့က ရောင်ခြည်တော်ဘွဲ့ သီချင်းကြီးဖြင့် ငြိမ့်ညောင်းသာယာစွာ တီးမှုတ်ပူဇော်ကြသည့်အပြင်

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများကို လျှောက်ထားစဉ်။ (သတင်းစဉ်)

မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း သတ်မှတ်နေရာအသီးသီး၌ နေရာယူထားကြသော ဧည့်ပရိသတ်တို့ကလည်း ဆရာတော်ကြီးများအား လက်အုပ်ချီမိုးလျက် ဂါရဝပြုကြည်ညိုကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် စတင်ကျင်းပရာ ရှေးဦးစွာအခမ်းအနားမှူး သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က အခမ်းအနားအစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ထို့နောက် မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများ၊ ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် ဆရာကြီးများနှင့် ဧည့်ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် တေးသံရှင် အိအိချွန်က မြန်မာ့စောင်းနှင့်တွဲဖက်လျက် ထူးမခြားနား သီချင်းခန့်ဖြင့် သီဆိုပူဇော်ပြီး သီဆိုပူဇော်မှုအပြီးတွင် မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး ပတ်လည်ရှိ ခေါင်းလောင်း ၁၀၈ လုံးတို့ကို တစ်ပြိုင်တည်း ကိုးကြိမ်တိုင် ထိုးခတ်ပူဇော်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၏ သမ္ဘောဒနီယ ဩဝါဒကထာကို နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရက ဖတ်ကြားတော်မူသည်။

(ဆရာတော်ကြီး၏ ဩဝါဒကထာကို စာမျက်နှာ ၄ ၌ ဖော်ပြထားပါသည်။)

ယင်းနောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီ ရိပ်သာကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ ကော့လှာပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဩဘာသနှင့် နေပြည်တော် ပျဉ်းမနားမဟာဝိသုတာရာမဈေးကုန်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကဝိသာရတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ကယားပြည်နယ် လွိုင်ကော်မြို့ တောင်မော့သာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏ၊ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် ဘဒ္ဒန္တသာသနာဘိဝံသနှင့် မန္တလေးတိုင်း ပျော်ဘွယ်မြို့ ပါဠိတက္ကသိုလ် ရေလယ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော် ရရှိတော်မူကြသော ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အောင်မြေချမ်းသာရကျောင်းတိုက် မဟာဘုံစံကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ၊ ပဲခူးတိုင်း ရေတာရှည်မြို့နယ် ဆွာမြို့ငါးကြီးကွေ့ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသနှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာ မြကျင် နာယက ကျောင်းဆရာတော် ဘဒ္ဒန္တဝါသဝနှင့် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် စံမှီတော် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တသုမနတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် လေးပါးတို့အားလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ငါးပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်က အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ခြောက်ပါးတို့အားလည်းကောင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

ယင်းနောက် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၃-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **-"မာယာရထား" လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်**
၁း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၁း၅၅	၇။	အပိတ်နှုတ်ဆက်စကား
၂း၀၀	၈။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲ တူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၅၀	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၇။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၂၀	၁၀။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၁။	အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၆း၄၅	၁၂။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သားကောင်းမိခင်(ပထမပိုင်း) လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း**
၈း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	**သားကောင်းမိခင်(ဇာတ်သိမ်းပိုင်း) လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း**
	၁၈။	လူရွှင်တော်ရွှေဖလား
	၁၉။	သင့်အတွက်မနက်ဖြန်
	၂၀။	အပိတ်နှုတ်ဆက်စကား
	၂၁။	ပြီးပါပြီ။

ဘွဲ့တံဆိပ်တော်ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က သုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် လူပုဂ္ဂိုလ် (အမျိုးသား)များအား သာသနာနုဂ္ဂဟဘွဲ့တို့ကို အပ်နှင်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်ရရှိကြသည့် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဒေါ်ဒေါ်ကြင်၊ ရန်ကင်းမြို့နယ်မှ ဒေါ်ခင်နန်းမွန်နှင့် သန်လျင်မြို့နယ်မှ ဒေါ်အေးအေးခန့်(ခေါ်)ဒေါ်ခင်စန်းကြည်တို့အား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်းတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၆ မှ

တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာကမ္မဋ္ဌာနာစရိယ၊ ကမ္မဋ္ဌာနာစရိယ၊ သဒ္ဓမ္မဇောတိကဓဇနှင့် ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်လှူဒါန်းရာ ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်း မုံရွာမြို့ သာသနမဉ္ဇူ ယင်းမာမြိုင် သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဟေမာရီ၊ ပဲခူးတိုင်း ပဲခူးမြို့ တေဘာတိကာရာမ သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်စန္ဒာရီ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ဓမ္မဝိဟာရီ ပရိယတ္တိ စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်မိတ္တာထေရီနှင့် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် သာသနမဉ္ဇရီ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကေသာရီတို့အား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မဟာဗိုလ်ပရိယတ္တိသီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ဓမ္မာရီ၊ ကချင်ပြည်နယ် မိုးကောင်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု စန္ဒာရာမ သီလရှင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဒေါ်ယုစန္ဒာနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် ဆံတော်ရှင်တိုက် ဇေယျဝတီကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ရူပထေရီတို့အား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းသည်။

ဆွမ်းဆန်စိမ်း လောင်းလှူ

ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့် ဇနီးတို့ ဆရာတော်ထံ ဆွမ်းဆန်စိမ်း လောင်းလှူကြစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းက မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ ရရှိကြသည့် စစ်ကိုင်းတိုင်း ကသာမြို့ ဗုဒ္ဓရိပ်သာချောင် တောင်ပေါ်ကျောင်းတိုက်မှ ဒေါ်က္ကန္ဒသိရီ၊ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် သဒ္ဓမ္မပါလ သီလရှင်စာသင်တိုက်မှ သီလရှင်ဆရာကြီး ဒေါ်ကုလဉာဏီနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် သာသနာ့ဗိမာန်ချောင်မှ သီလရှင်ဆရာကြီး ဒေါ်က္ကန္ဒသီဂီတို့အား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်နှင့် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဇနီး ဒေါ်အေးအေးတို့က သဒ္ဓမ္မဇောတိကဓဇဘွဲ့နှင့် ဂန္ထဝါစကပဏ္ဍိတဘွဲ့ရ သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်မှ ဦးနိုင်ဦး (မိဘရိပ်)၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးဘိုကြီးနှင့် ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ်မှ ဦးစိုးဟန်လင်းတို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ်မှ ဦးညွန့်ဌေး၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ်မှ ဦးဇော်မင်းဇင်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ်မှ ဦးခင်မြင့်တို့အား သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက သီရိသုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ်မှ ဦးကြည်လွင်၊ ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးဘခန့်နှင့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဦးတင်ဝင်းတို့အားလည်းကောင်း၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့ရရှိကြသည့် စစ်ကိုင်းတိုင်း ရွှေဘိုမြို့မှ ဦးဘိုကြီး(ခေါ်) ဦးအောင်ငွေ၊ရန်ကုန်တိုင်း အင်းစိန်မြို့နယ်မှ ဦးတင်အောင်နှင့် ရန်ကုန်တိုင်း သာကေတမြို့နယ်မှ ဦးအောင်မွန်တို့အားလည်းကောင်း သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ခင်ခင်ဝင်းက အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့ရရှိကြသည့် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် အင်းစိန်မြို့နယ်မှ ဒေါ်ခင်မိမိလှိုင်တို့အား လည်းကောင်း၊ သီရိသုဓမ္မသီဂီဘွဲ့ရရှိကြသည့် ပဲခူးတိုင်း(အနောက်ပိုင်း) ရွှေတောင်မြို့မှ ဒေါ်ရင်ကြွေနှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ်မှ ဒေါ်မြင့်မြင့်တို့အား လည်းကောင်း သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ယင်းနောက် အတွင်းရေးမှူး(၁)၏ဇနီး ဒေါ်ခင်စောနှင်းက သီရိသုဓမ္မသီဂီဘွဲ့ ရရှိကြသည့် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်မှ ဒေါ်သန်းသန်းနွဲ့၊ရန်ကုန်တိုင်း ဗဟန်းမြို့နယ်မှ ဒေါ်မြသိန်း(ခေါ်)ဒေါ်အမာစိန်နှင့် ဗဟန်းမြို့နယ်မှ ဒေါ်သန်းသန်းစိန်တို့အားလည်းကောင်း၊ သီဟသုဓမ္မသီဂီဘွဲ့ရရှိကြသည့် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ ဒေါ်ဆွေသဇင်နှင့် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်မှ ဒေါ်နုနုငယ်တို့အားလည်းကောင်း သာသနာနုဂ္ဂဟဘွဲ့တံဆိပ်နှင့် အဆောင်အယောင်တို့ကို အပ်နှင်းသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၏ ဇနီး ဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဇနီး ဒေါ်အေးအေး၊ ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၏ ဇနီး ဒေါ်ထွေးထွေးညွှန့်၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၏ ဇနီး ဒေါ်ခင်သန့်စင်တို့က သုဓမ္မသီဂီဘွဲ့တံဆိပ်များရရှိကြသည့် လူပုဂ္ဂိုလ်(အမျိုးသမီး)များအား သာသနာနုဂ္ဂဟဘွဲ့တံဆိပ်များကို အပ်နှင်းကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော်က သာသနာ့သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာ မဟာသန္နိပါတအခမ်းအနားကြီးကျင်းပခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကြီးကို ကြွရောက်ချီးမြှင့်တော်မူကြသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့်တကွ ယခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံတော်မူရသော ထေရ်သံဃာအပေါင်းတို့အား ဖူးမြော်ကြည်ညိုရပါသဖြင့် ကုသိုလ်ဇောမနသီ ရွှင်ကြည်အားရ ဝမ်းမြောက်လှပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ဗုဒ္ဓဘုရားရှင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ ပထမဝါကပ်ဆို၍ ဝါကျွတ်ပြီးနောက် သာသနာပြု ဒေသစာရီခရီးကို ဖြန့်ကြက်ကြွချီတော်မူခဲ့ရာ ပြာသိုလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်သို့ရောက်ရှိပြီး တပေါင်းလပြည့်နေ့အထိ နှစ်လအတွင်း အင်္ဂတိုင်းသား၊မဂဓတိုင်းသား အမျိုးကောင်းသား တစ်သောင်းကျော်တို့အား တရားဟောချေချွတ်၍ ကျွတ်တမ်းဝင်စေခဲ့ပါကြောင်း၊ ထိုကျွတ်တမ်းဝင် ရဟန္တာအရှင်သူမြတ်များတွင် ဗုဒ္ဓဘုရားရှင်၏ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားတော်ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ ကြွရောက်ပါရန် အဆင့်ဆင့် စေလွှတ်ပင့်လျှောက်ခဲ့ကြသည့် လျှောက်ထားပင့်ဆောင်ရေးအဖွဲ့ သုံးဖွဲ့မှ သာကီဝင်မင်းသားများလည်း ထပ်ပေါင်းပါဝင်နိုင်ပါကြောင်း၊ နောက်ဆုံးအကြိမ် ဘုရားရှင်၏ဖွားဖက်တော် ကာဠုဒါယီအမတ်ကို ဦးဆောင်စေလွှတ်လိုက်မှ ယခင်အမတ်များနည်းတူ ရဟန္တာဖြစ်သွားသော ကာဠုဒါယီမထေရ်က

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

စစ်ရေးချုပ် ဗိုလ်ချုပ်သူရ မြင့်အောင် ဆရာတော်ထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မင်္ဂလာ အခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပစဉ်။
(သတင်းစဉ်)

✱ စာမျက်နှာ ၇မှ

တပေါင်းသာခေါင်လများနောင်ဟု ခေါ်ဆိုလောက်သည့် တပေါင်းလ၏ သာယာဖွယ်အထူးထူး ကြည်နူးဖွယ်အဖုံဖုံတို့ကို နားဝယ်မငြီးရလောက်အောင် ဂါထာပေါင်း ၆၀ တို့ဖြင့် သီကုံးလျှောက်ထားခဲ့ပြီး ဗုဒ္ဓဘုရားရှင်အား ကပိလဝတ်နေပြည်တော်သို့ ပင့်ဆောင်နိုင်ခဲ့ပါကြောင်း၊ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မြန်မာလူမျိုးတို့၏ ၁၂လ ရာသီပွဲတော်များအနက် တပေါင်းလပြည့်နေ့တွင် သဲပုံစေတီပူဇော်ပွဲ၊ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲများနည်းတူ မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့ဟူ၍ ကျင်းပ ပူဇော်လေ့ရှိကြသည်ကို တွေ့ရှိနိုင်ပါကြောင်း။

ယခုကဲ့သို့ ရွက်ဟောင်းကျကြွေ ရွက်နုဝေသည့် ဆောင်းနွေကူးပြောင်း တပေါင်းသာစွ ခါသမယတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကြီးကို စည်ကားသိုက်မြိုက်စွာ ယနေ့ ကျင်းပကြခြင်းဖြစ်၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခါထူးအခါမြတ်ဖြစ်ပါကြောင်း၊ ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ပြုခြင်း၊ ပူဇော်သင့် ပူဇော်ထိုက်သော ပုဂ္ဂိုလ်တို့အား ပူဇော်ခြင်းသည် ပူဇာစပူဇာနေယျ မင်္ဂလာနှင့် ပြည့်စုံခြင်းဖြစ်၍ ကောင်းမြတ်လှပါကြောင်း။

သက်တော်ထင်ရှား သဗ္ဗညုမြတ်စွာဘုရားရှင် လက်ထက်တော်အခါကလည်း မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ရဟန်းတော်များနှင့် ဘိက္ခုနီများ ဒါယကာ၊ ဒါယိကာမတို့အား အများတကာထက် ထူးကဲသာလွန်သည့် စွမ်းဆောင်နိုင်မှု ဂုဏ်ရည်ကို အကြောင်းပြုပြီး ဧတဒဂ် ဘွဲ့တံဆိပ်တော်များ ချီးမြှင့်တော်မူခဲ့ပါကြောင်း၊ ယင်းသို့ ချီးမြှင့်တော်မူရာတွင် ပညာအရာသာလွန်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ ဇနီး ဒေါ်ခင်ခင်ဝင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။
(သတင်းစဉ်)

ထူးချွန်သော လက်ယာတော်ရံ အဂ္ဂသာဝက အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးအား ပညာဝန္တ ဧတဒဂ်ဘွဲ့၊ တန်ခိုးအရာ၌ သာလွန်ထူးကဲသော လက်ဝဲတော်ရံ အဂ္ဂသာဝက အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကြီးအား ဣဒ္ဓိမန္တ ဧတဒဂ်ဘွဲ့၊ တရားဟောရာ၌ သာလွန်ထူးချွန်သော အရှင်မဓမ္မဒိန္နာအား ဓမ္မကထိက ဧတဒဂ်၊ ဝိနည်းအရာ၌ သာလွန်ထူးချွန်သော အရှင်မပဋာစာရီထေရီအား ဝိနယဓရဧတဒဂ်၊ အလှူဒါနပြုရာ၌ သာလွန်ထူးချွန်သော အနာထပိဏ် သူဌေးကြီးအား ဒါယကာဧတဒဂ်၊ လူနာများကို ပြုစုလုပ်ကျွေးရာ၌ သာလွန်ထူးချွန်သော သုပ္ပိယာအမျိုးသမီးအား ဂိလာနုပဋ္ဌာကီဧတဒဂ် စသည်ဖြင့် အရာဌာနအားလျော်စွာ ဧတဒဂ်ဘွဲ့တံဆိပ်တော်များကို ချီးမြှင့်အပ်နှင်းတော်မူခဲ့ရာ ရဟန္တာမထေရ် ၄၁ ပါး၊ ရဟန္တာထေရီ ၁၃ ပါး၊ အမျိုးသား(ဥပါသကာ) ၁၀ဦးနှင့် အမျိုးသမီး (ဥပါသိကာ) ၁၀ဦးတို့ ဧတဒဂ်ဘွဲ့ထူးများ ရရှိခဲ့ကြကြောင်း ကြားနာမှတ်သားရဖူးပါကြောင်း။

သီဟိုဠ်ကျွန်းနိုင်ငံတွင်လည်း သာသနာပြုသီဟိုဠ်မင်းများက စာပေကျမ်းဂန်တတ်ကျွမ်းသော ဆရာတော်ကြီးများအား "သံဃရာဇာ၊ မဟာသာမိ၊ ကဝိစက္ကဝတ္တိ" စသည့် ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံတော်တွင်လည်း ပုဂံခေတ်သာသနာပြုမင်းများက "အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဝိလာသ၊ ဒိသာပါမောက္ခ"စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊ ပင်းယခေတ် သာသနာပြုမင်းများက "သီရိမဟာတုရင်္ဂဗလ သုဓမ္မမဟာသာမိ" စသော ဘွဲ့တံဆိပ်တော်များကို လည်းကောင်း၊ အင်းဝခေတ်နှင့် ကုန်းဘောင်ခေတ် သာသနာပြုမင်းများက "ရာဇဂုရု၊ မဟာဓမ္မ ရာဇာဓိရာဇဂုရု၊ ပထမစာချ၊ ဒုတိယစာချ"စသော ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း၊ လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင်လည်း ရွေးအစဉ်အလာ ဆက်ကပ်ခဲ့သည့် "အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်တော်များကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြပါကြောင်း။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် ယခင်ရှိနှင့်ပြီး ဘွဲ့တံဆိပ်တော်နှစ်ခုအပြင် သာသနာတော်ဆိုင်ရာ ကဏ္ဍအစုံပါဝင်သည့် ဘွဲ့တံဆိပ်တော်အမျိုး ၂၀တို့ကို တီထွင်ပြဋ္ဌာန်း၍ ဆက်ကပ်အပ်နှင်းလာခဲ့သည်မှာ ၁၉၉၂ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ နှစ်ပေါင်း ၁၆နှစ်အတွင်း ရဟန်းသံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်အမျိုးသား၊ အမျိုးသမီးပေါင်း ၄၂၆၃ ဦးရှိခဲ့ပြီဖြစ်ပါကြောင်း။

ယခု ၂၀၀၈ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိန့်ကြော်ငြာစာ (၁/၂၀၀၈) ကို ထုတ်ပြန်ကြေညာလျက် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းခဲ့ရာ–

– အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး	**၃ပါး**
– အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး	**၆ပါး**
– အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၂၈ပါး**
– သာသနာပြုဘွဲ့တံဆိပ်တော်ရဆရာတော်	**၁၀၃ပါး**
– ဓမ္မကထိကဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၈ပါး**
– ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၃၁ပါး**
– စာချဘွဲ့တံဆိပ်တော်ရ ဆရာတော်	**၁၅၆ပါး**
– စာချဘွဲ့တံဆိပ်တော်ရ သီလရှင်	**၁၄ပါး**
– သာသနာပြုဘွဲ့တံဆိပ်တော်ရ သီလရှင်	**၆ပါး**
– သာသနာပြုဘွဲ့တံဆိပ်တော်ရ အမျိုးသား	**၃ဦး**
– သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသား	**၃၆ဦး**
– သာသနာနုဂ္ဂဟဘွဲ့တံဆိပ်တော်ရ အမျိုးသမီး	**၄၄ဦး**

စုစုပေါင်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် ၄၃၈ဦး ဖြစ်ပါကြောင်း။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်အပ်နှင်းရာတွင် ဆရာတော် အရှင်သူမြတ်တို့၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို အလေးထားဆောင်ရွက်တော်မူကြလျက် သာသနာပြုတော်မူခြင်း သာသနဟိတရေဂုဏ်၊ တရားတော်များကို သင်ကြားပို့ချဟောပြောညွှန်ပြခြင်း ဓမ္မာနုဂ္ဂဟဂုဏ်တို့ကို ရည်မှန်း၍လည်းကောင်း၊ သာသနာနွယ်ဝင်သီလရှင် ဆရာကြီးများ၏ သာသနာပြုစွမ်းရည်နှင့် ဥပါသကာ၊ ဥပါသိကာ အမျိုးသား အမျိုးသမီးတို့၏ သာသနာတော်ကို စေတနာသဒ္ဓါ ထက်သန်စွာ ချီးမြှောက်ထောက်ပံ့ခြင်း၊ သာသနာနုဂ္ဂဟဂုဏ်တို့ကို လေးစားတန်ဖိုးထား၍လည်းကောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယခုကဲ့သို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်း ပူဇော်ခြင်းဖြစ်ပါကြောင်း။

နိဂုံးချုပ်အားဖြင့် ယနေ့ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားတွင် လမ်းညွှန်စီစဉ်ပေးသော နိုင်ငံတော်အစိုးရနှင့်တကွ ပါဝင်ဆောင်ရွက်ပေးကြသော ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လှူဒါန်းကြသော ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီးနှင့်တကွ စေတနာရှင်၊ အလှူရှင်များနှင့် ဝေယျာဝစ္စ ဆောင်ရွက်ပေးကြသူများ၏ ပြုပြုသမျှသော ကုသိုလ်ကောင်းမှု အစုစုအဖြာဖြာသည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေကြောင်းနှင့် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ ဩဝါဒကိုနာယူလျက် နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သားတို့ ဆရာဒကာ လက်တွဲ ညီညာစွာဖြင့် သာသနာတော်မြတ်ကြီးအကျိုး ပွားတိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏမာရာမ စျေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသထံမှ ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ သာသနာနွယ်ဝင် သီလရှင် ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမိသားစု၊ ဝန်ကြီးချုပ်ရုံး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဗဟိုရုံးများ၊ စစ်ရေးချုပ်ရုံးမိသားစု၊ စစ်ထောက်ချုပ်ရုံးမိသားစု၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနများ၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ရုံး၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ ကုန်သည်ကြီးများအသင်း၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစေတနာရှင် အလှူရှင်များက သတ်မှတ်နေရာအသီးသီးတို့မှနေ၍ ဆွမ်းဆန်စိမ်း အစရှိသော လှူဖွယ်ပစ္စည်းများကို သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူကြသည်။

ယင်းသို့ဆွမ်းဆန်စိမ်းအစရှိသော လှူဖွယ်ပစ္စည်းများကို လောင်းလှူကြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြား

ရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအ
သည် မဟာပါသာဏလိုဏ်ဂူ အရှေ့ဘ
လမ်းတစ်လျှောက်၊ ဝိဇယမင်္ဂလာ ဓမ္မသ
ကမ္ဘာအေးစေတီတော် အနောက်ဘက်မှ
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှ နေ
တန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပ
ကြည်ဖြူသဒ္ဓါဖြင့် လောင်းလှူပူဇော်ကြ
အလှူဒါန အောင်ပွဲသဘင်မှ ကောင်းချ
အောင် ပျံ့လွင့်လျက်ရှိသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးန
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချ
ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏
ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တ**

မြိုင်ဆရာတော

ရန်ကုန် မ

ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ (ဓမ္မ
မြိုင်ဆရာတော် အရှင်ပညာဇောတ (
အရှင်သူမြတ်သည် မတ် ၂၂ ရက်တွင်
လှော်ကားစမ်းချောင်းကြီးရွာ ဦးတင်
အလှူဓမ္မသဘင်၊ မတ် ၂၅ ရက်တွင် မကွေ
ကျောင်းတိုက် ဓမ္မသဘင်နှင့် မတ် ၂၆
ကျောက်တန်းမြို့နယ် ကံဦးမဟာစည်ရိပ်
စ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်မ

တရားပွဲပင့်လျှောက်သူများ ဓမ္မရက်
အမှတ် (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်
လိုင်းခွဲ(၁၈၁)နှင့် မြိုင်ဆရာတော် ဖုန်း–
ပင့်လျှောက်နိုင်ကြောင်းသိရသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၂–၃–၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။နံနက်ခင်းသတင်း
၇:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၇:၅၅ ၅။ ရုပ်မြင်ရသတေးစုကဏ္ဍ
၈:၀၀ ၆။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၇။ International News.
၈:၄၀ ၈။ Local Talant
၈:၅၀ ၉။ **"ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ"**
(ကျော်ဇေယျ၊မေသန်းနု၊ ပန်းဖြူ)
(ဒါရိုက်တာ–မောင်မောင်ဦး–စနိုးပွိုက်)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။စစ်ချီတေး၊ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၄။ တစ်ပတ်အတွင်းရုပ်မြင် သံကြားပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စစ်သူကြီးဆွန်ကြီး" (အပိုင်း–၁၄)**
၁:၃၀ ၆။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁:၄၅ ၇။ အကပြိုင်ပွဲ
၂:၀၀ ၈။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ပင်လောင်းလက်ဖက် နတ်သစ်ရွက်)
၂:၁၅ ၉။ **"ချစ်လွန်းလို့"**
(ဖိုးဖြူ၊ခင်စိုးပိုင်)
(ဒါရိုက်တာ–ကြည်စိုး)
၂:၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၂:၃၅ ၁၁။ တေးဂီတအစီအစဉ်
၂:၄၅ ၁၂။ International News.
၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
၄:၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (မြန်မာစာ၊ မြန်မာမှု ရသစာပေ အထူးပြုများ) (အရှေ့တိုင်းပညာ)
၄:၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၄၀ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၀၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
၅:၂၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်

ရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ စေတနာရှင် ပြည်သူများသည် မဟာပါသာဏလိုဏ်ဂူ အရှေ့ဘက်မှ တောင်ဘက်အထိ လိုဏ်ဂူပတ်လမ်းတစ်လျှောက်၊ ဝိဇယမင်္ဂလာ ဓမ္မသဘင်အနောက်ဘက်မှ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အနောက်ဘက်မုခ်လမ်းတစ်လျှောက်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) အဝင်လမ်းတစ်လျှောက် တို့ရှိ သတ်မှတ်နေရာအသီးသီးတို့မှ နေ၍ စုစုပေါင်းငွေ ၅၆၀၉၃၀၈၂ ကျပ် တန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို စည်ကား သိုက်မြိုက်စွာ ကြည်ဖြူသဒ္ဓါဖြင့် လောင်းလှူပူဇော်ကြရာ ကြီးကျယ်ခမ်းနားလှစွာသော အလှူဒါန အောင်ပွဲသဘင်မှ ကောင်းချီးနုမော်သာဓုခေါ်သံများ ဘဝင်လှုံ့အောင် ပျံ့လွှင့်လျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်တစ်ဦးအား ဘွဲ့တံဆိပ်အပ်နှင်းစဉ်။ (သတင်းစဉ်)

မြိုင်ဆရာတော် တရားပွဲ

ရန်ကုန် မတ် ၂၁

ဖြူးဆရာတော်ဘဒ္ဒန္တနရပတိ (ဓမ္မကထိ ဗဟုဇနဟိတရေ) ၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် မတ် ၂၂ ရက်တွင် ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် လှော်ကားစမ်းချောင်းကြီးရွာ ဦးတင်ရွှေ-ဒေါ်တင်ဒွေးမိသားစု ရှင်ပြုအလှူမဓမ္မသဘင်၊ မတ် ၂၅ ရက်တွင် မကွေးတိုင်း ပခုက္ကူမြို့ တိလောကာရာမကျောင်းတိုက် ဓမ္မသဘင်နှင့် မတ် ၂၆ရက်မှ ဧပြီ ၅ ရက်ထိ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကံဦးမဟာစည်ရိပ်သာဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်သည်။

တရားပွဲပင့်လျှောက်သူများ ဓမ္မရက္ခိတဖြူးမဟာစည် သာသနာ့ရိပ်သာ အမှတ် (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆၊ လိုင်းခွဲ(၁၈၁)နှင့် မြိုင်ဆရာတော် ဖုန်း-၀၉၅၀-၄၇၇၆၁ တို့သို့ ဆက်သွယ် ပင့်လျှောက်နိုင်ကြောင်းသိရသည်။ (က-ပ)

- ၂း၁၅ ၉။ **"ချစ်လွန်းလို့"** (ဖိုးဖြူ၊ခင်စိုးပိုင်) **(ဒါရိုက်တာ-ကြည်စိုး)**
- ၂း၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၃၅ ၁၁။ တေးဂီတအစီအစဉ်
- ၂း၄၅ ၁၂။ International News.
- ၃း၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄း၂၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (မြန်မာစာ၊ မြန်မာမှု ရသစာပေ အထူးပြုများ) (အရှေ့တိုင်းပညာ)
- ၄း၃၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၄၀ ၅။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၅း၀၀ ၆။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၅း၂၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၅း၅၀ ၈။ (၆၃)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ အလှရှာမယ်၊ လှကမ္ဘာဝယ်
- ၇း၀၀ ၁၂။ **"သားကောင်းမိခင်" (အပိုင်း-၁) (လွင်မိုး၊နေတိုး၊ဇင်ဝိုင်း၊ ထွန်းထွန်း Examplez၊ စိုးမြတ်သူဇာ၊မေသဥ္ဇာဦး၊ ပန်းဖြူ၊သက်မွန်မြင့်၊ ပုလဲဝင်း) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **"သားကောင်းမိခင်" (အပိုင်း-၂) (လွင်မိုး၊နေတိုး၊ဇင်ဝိုင်း၊ ထွန်းထွန်း Examplez၊ စိုးမြတ်သူဇာ၊မေသဥ္ဇာဦး၊ ပန်းဖြူ၊သက်မွန်မြင့်၊ ပုလဲဝင်း) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၁၇။ အစီအစဉ်ပြီး၏။

ဗုဒ္ဓေါရသ အရှင်ကုက္ကန္ဒာစရိယ၏ အလှူပွဲ

ရန်ကုန် မတ် ၂၁

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် (ဓမ္မိ)အင်္ဂရမ်းကျေးရွာအုပ်စု မအူကုန်းကျေးရွာတွင် ၁၃၆၉ခုနှစ် တပေါင်းလပြည့်ကျော်၉ရက်၊ မတ် ၃၀ရက်တွင် ဗုဒ္ဓေါရသ အရှင်ကုက္ကန္ဒာစရိယ ဗောဓိရိပ်ငြိမ်တောရ ဆရာတော်နှင့် ခမည်းတော်၊ မယ်တော်များ၊ ဒါယကာ၊ ဒါယိကာမများက ဘုရား အနေကဇာ တင်ခြင်း၊ သံဃိကဒါန လှူဒါန်းခြင်း၊ တံတားလှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေး ခြင်းစသော အလှူများပြုလုပ်မည်ဖြစ်သည်။ ၁၃၆၉ခုနှစ် တပေါင်းလပြည့် ကျော် ၈ရက် ည အလှူပွဲ၌ ဗုဒ္ဓေါရသ အရှင်ကုက္ကန္ဒာစရိယ ဗောဓိရိပ်ငြိမ် တောရဆရာတော်က တရားဟောကြားချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မင်းကွန်း ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ စုပေါင်းရေစက်ချပွဲ

ရန်ကုန် မတ် ၂၁

မင်းကွန်းတောင်ရိုး မဟာသံဃိက ဓမ္မသာရ ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်အဖွဲ့ချုပ်၏ (၁၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် (၂၃)ကြိမ်မြောက် နှစ်ပတ်လည် စုပေါင်းရေစက်ချ ဩဝါဒခံယူပူဇော်ပွဲကြီးကို စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး ရေ၊ မီး၊ ဆွမ်း၊ ဆေး အလှူတော်ဌာန ဓမ္မသာရ ကျောင်းတိုက်ကြီး၌ ကျင်းပမည်ဖြစ်သည်။ ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်မှ ၉ရက် (မတ် ၂၆ရက်မှ ၃၀ရက်)အထိ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြခြင်း၊ နှစ်ပတ်လည် စုပေါင်းရေစက်ချ ဩဝါဒခံယူကြခြင်း၊ တောင်ရိုးသံဃာတော် ၆၀၀ကျော်တို့အား ဆွမ်းဘောဇဉ်နှင့် နဝကမ္မလောင်းလှူကြခြင်း၊ သီလရှင် ၄၅၀ ကျော်တို့အား ဆွမ်းဆန်တော်နှင့် နဝကမ္မလှူဒါန်းခြင်းများ ပြုလုပ်ကြမည်ဖြစ်ပါ၍ မြို့နယ်၊ ကျေးရွာ ဓမ္မသာရ အဖွဲ့များနှင့် အလှူရှင်များ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်-မန္တလေး ဈေးသင်္ဘောထွက်ခွာမည်

ရန်ကုန် မတ် ၂၁

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ဈေးသင်္ဘောခေါက်ရေ(၄) "မြရော" ရေယာဉ်သည် မတ် ၂၇ ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်း ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉နှင့် ၂၉၂၃၁၉ သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။ နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သီတဂူဆရာတော် တရားပွဲများ

ရန်ကုန် မတ် ၂၁

စစ်ကိုင်းမြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိ မဟာဓမ္မကထိက ဆရာတော် ဒေါက်တာ ဦးဉာဏိဿရသည် ဒါယကာ၊ ဒါယိကာမများ၏ ပင့်လျှောက်ချက်အရ နှစ်စဉ်ကြွရောက် ချီးမြှင့်နေကျဖြစ်သော တရားပွဲများကို ကျင်းပမည်ဖြစ်ရာ တပေါင်းလပြည့်ကျော် ၄ရက်တွင် မင်းကင်းမြို့၌ လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၅ ရက်တွင် ကလေးမြို့၌လည်းကောင်း၊ တပေါင်းလပြည့်ကျော် ၆ ရက်တွင် တမူးမြို့၌လည်းကောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

The LIVE NEWS ဂျာနယ် အမှတ် (၇၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၁

နိုင်ငံတကာ သတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံး ဖော်ပြ ထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ် (၇၆) ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။

CNG တပ်ဆင်ရန် ချေးငွေထုတ်ထားသော မော်တော်ယာဉ်ပိုင်ရှင်များ ဘဏ်သို့ငွေများ ပြန်လည်ပေးသွင်းကြရန် နှိုးဆော်ထား၊ လူစည်ကားရာ နေရာများတွင် ကြော်ငြာဘုတ်ထောင်ခြင်းကို လေလံစနစ်ဖြင့်သာ ခွင့်ပြုတော့မည်၊ မိန်းမပျိုလေးများအလှချင်း ပြိုင်ခဲ့ကြတဲ့ Sedona Hotel မှ Tri Show ညချမ်းအလှ၊ ၂၀၀၈ အာဆီယံ စွမ်းအင်ဆုပြိုင်ပွဲ မြန်မာစက်ရုံများ ဝင်ရောက် ယှဉ်ပြိုင်နိုင်၊ အရူးလက် ဆူးခက်အပ်သလိုလုပ်နေတဲ့ ပြင်သစ်သမ္မတကြီး ဆာကိုဇီရဲ့ ချူကလီးယား ဒီပလိုမေစီ၊ မတွေ့စဖူး ခုန်ကနေရှာသော ဂျော့ဂျ်ဒဗလျူဘုရှ်၊ ပါကစ္စတန်နိုင်ငံရှိ အီတာလျံစားသောက်ဆိုင်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်သံရုံးမှ ဆေးဝန်ထမ်း အမျိုးသမီးတစ်ဦး သေဆုံး၊ နယူးယောက်မြို့မှ ကရိန်းပြိုလဲကျမှု အနည်းဆုံး လူလေးဦးသေဆုံး၊ ကမ္ဘာကျော် အနုပညာရှင် ဘရစ်တ်နေဂျင်းစပီးယားစ်၏ ဘဝအကြောင်း တစေ့တစောင်း၊ အတက်နှင့် အဆင်း၊ တစ်ခုသော တေးချင်းမဂ္ဂဇင်းများ၊ အိပ်မက်လှလှမက်စေချင်၊ သမိုင်းကြောင်းကောင်းတဲ့ စမ်းချောင်းမြို့နယ်က ကျွန်းတောလမ်း၊ တက္ကစီမင်းနှင့် ထိန်ပင်တစ္ဆေ၊ ကိုရီးယားရုပ်ရှင်ကြိုတင် ဓာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်း၊ ရဲဇော် (ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့် လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် (၁၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း (၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း -၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း ခုနစ်ရက်တရားစခန်း ဖွင့်မည်

ရန်ကုန် မတ် ၂၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် ၅ ရပ်ကွက် အမှတ် (၄)ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး၏ တပည့်ဖြစ်သော အရှင်ပဏ္ဍာ ဝံသ (မိဂလုံ) ဆရာတော်မှ သမထ ဝိပဿနာ တရားတော်များကို ဧပြီ ၇ ရက်မှ ၁၆ ရက်အထိ ၁၀ရက် တရား စခန်းဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်သူများအား အကျိုးတော်ဆောင်အဖွဲ့မှ အာဟာရဒါန ကျွေးမွေးလှူဒါန်းမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ ၆ ရက် ညနေအရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က-ပ)

ပြည်ပနေရာ၌ မြေငလျင်လှုပ်

နေပြည်တော် မတ် ၂၁

ယနေ့ မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၈ မိနစ်၅၅ စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်မြောက်ဘက် မိုင် (၁၆၀၀) ခန့် အကွာ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဇီကျန်ပြည်နယ်နှင့် ဇီဇန်ပြည်နယ်စပ်) ပြည်ပနေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး (၇ ဒသမ ၂) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ချန်ပီယံလက်တစ်ကမ်းအလို မန်ယူ၊ ဒုတိယနေရာအတွက် အာဆင်နယ်နဲ့ ချယ်လ်ဆီး (ကြီးလေးကြီးအားပြိုင်မည့် ပရီမီယာလိဂ်ပွဲစဉ် ၃၁)

ဝင်းတင် (ကြေးမုံ)

နိုင်ငံတကာ လိဂ်ပွဲတွေထဲမှာ ကမ္ဘာ့ဘောလုံးပရိသတ်တွေ စိတ်ဝင်စားမှု အရှိဆုံးနဲ့ စိတ်လှုပ်ရှားစရာ အကောင်းဆုံးဖြစ်တဲ့ အင်္ဂလိပ် ပရီမီယာလိဂ်ရဲ့ ဘောလုံးပွဲစဉ် ၃၁ကို မတ် ၂၂ ရက် (ယနေ့)နဲ့ မတ် ၂၃ ရက်တွေမှာ ကျင်းပမှာဖြစ်ပါတယ်။ ပရီမီယာလိဂ် ဘောလုံးပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားလာခဲ့တာ ပွဲစဉ် ၃၀ ကျော်လာပြီဖြစ်တာကြောင့် ချန်ပီယံဖြစ်မယ့်အသင်း၊ ချန်ပီယံဝင်ခွင့်ရမယ့်အသင်း၊ ယူအီးအက်ဖ်အေဝင်ခွင့်ရမယ့် အသင်းနဲ့ တန်းဆင်းရမယ့် အသင်းဆိုတာတွေဟာ တရေးရေးနဲ့ ရုပ်လုံးပေါ်လာနေပါပြီ။

ချန်ပီယံဖြစ်ရေး

ပရီမီယာလိဂ်ရဲ့ ကြီးလေးကြီးဖြစ်တဲ့ မန်ယူနဲ့ လီဗာပူး၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ရဲ့ ထိပ်တိုက်တွေ့ဆုံမှုဟာ ပရိသတ်တွေ ရင်တမမနဲ့ စောင့်ကြည့်ရမယ့်ပွဲတွေ ဖြစ်ပါတယ်။ ပွဲစဉ် ၃၀အပြီးမှာ ဒုတိယနေရာက အာဆင်နယ်ကို သုံးမှတ်ဖြတ်ပြီး အမှတ်ပေးဇယားထိပ်ကို ရောက်နေတဲ့မန်ယူဟာ လီဗာပူးနဲ့တွေ့ရမှာဖြစ်လို့ ပွဲကျပ်တစ်ပွဲဖြစ်ပါတယ်။ မန်ယူက ဒီပွဲပြီးတာနဲ့ ဧပြီ ၂ရက်မှာ ရိုးမားကွင်းမှာချန်ပီယံလိဂ်ကွာတား ဖိုင်နယ် ပထမအကျော့သွားရောက် ကစားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ယခုပွဲစဉ်ဟာလည်း စုဖွဲ့မှုအင်အားတောင့်တင်းပြီးခြေစွမ်းထက် ဂိုးမြူးနေတဲ့ ဖာနန်ဒိုတောရက်စ် ပါဝင်နေတဲ့ လီဗာပူးဖြစ်တာက တစ်ကြောင်း၊ ပရီမီယာလိဂ်ချန်ပီယံဖြစ်ရေးအတွက် စိတ်ချရအောင် ဒုတိယနေရာက အာဆင်နယ်ကို အမှတ်ဆက်လက် ဖြတ်ထားနိုင်ရေးက တစ်ကြောင်းကြောင့် မန်ယူက ဒီပွဲကို အရန်နှင့် ပွဲထုတ်လို့မရပါဘူး။ လီဗာပူးအနေနဲ့လည်း ဒီပွဲပြီးရင် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် အပါအဝင် အာဆင်နယ်နဲ့ သုံးကြိမ်ဆက်တိုက် တွေ့ဆုံရမှာ ဖြစ်တာကြောင့် မန်ယူထက် ပွဲပိုကျပ်တဲ့ အနေအထားမှာရှိနေပါတယ်၊ ပရီမီယာလိဂ်ထက် ချန်ပီယံလိဂ်ကို ပိုမိုအာရုံစိုက်အလေးထားတဲ့ လီဗာပူးနည်းပြ ဘင်နီတက်စ်ဟာ ဒီပွဲမှာ အားကုန်ညှစ်ကစားမယ် မထင်ပါဘူး၊ ဒါကြောင့် မန်ယူကွင်းမှာ သရေတစ်မှတ်ရအောင်သာ ထိန်းကစားမယ့် အနေအထားပါ။ ဒါပေမယ့် အိမ်ရှင် ဆာအဲလက်စ်ဖာဂူဆန်က တော့ စီရိုနယ်လ်ဒို၊ ဝိန်းရွန်နေး၊ တီဗက်ဇ်၊ အန်ဒါဆန်နဲ့နာနီတို့ရဲ့အားနဲ့ လီဗာပူးအပေါ် အသာစီးရ အောင်ကစားမှာ သေချာပါတယ်။ ဒါကြောင့် ဒီပွဲဟာ သရေကျဖို့များပြီး အနိုင်အရှုံးအဖြေပေါ်မယ်ဆိုရင်တော့ ချန်ပီယံဖြစ်ရန် သေချာသလောက်ရှိနေတဲ့ အိမ်ရှင်ကပဲ အနိုင်ယူသွားမှာပါ။

ဒုတိယနေရာအတွက်

ကြီးလေးကြီးထဲက နောက်ထပ်တစ်ပွဲဖြစ်တဲ့ တတိယနေရာက ချယ်လ်ဆီးနဲ့ဒုတိယနေရာက အာဆင်နယ်တို့ပွဲကလည်း ပရိသတ်ကို ဖမ်းစားနိုင်ဦးမှာပါ။ အာဆင်နယ်ဟာ ဒီပွဲပြီးရင် လီဗာပူးနဲ့ ချန်ပီယံလိဂ် အပါအဝင် သုံးကြိမ်ဆက်တိုက်တွေ့ဆုံရမှာဖြစ်ပြီး ပွဲစဉ် ၃၄မှာ မန်ယူနဲ့ပါ ဆက်လက်ယှဉ်ပြိုင်ရမှာပါ။ ဒီပွဲကျပ်ကာလကို အာဆင်ဝင်းဂါးရဲ့ လူငယ်တွေဟာ အောင်မြင်စွာနဲ့ ကျော်ဖြတ်နိုင်ဖို့ ခက်ခဲလွန်းလှပါတယ်။ ခပ်မာမာ တုံ့ပြန်တတ်တဲ့ အသင်းနဲ့တွေ့ရင် အာဆင်နယ်ရဲ့ ဖာဘရီဂက်စ်တို့အုပ်စု တိုးမရတာ တွေ့ရပါတယ်။ အိမ်ရှင်ချယ်လ်ဆီးဟာ အာဆင်နယ်နဲ့နှစ်မှတ်သာကွာပြီး ချန်ပီယံလိဂ်မှာလည်း ပွဲချောင်တာကြောင့် ဂရန့်အနေနဲ့ ဒီပွဲကို အနိုင်ရအောင် အသေအချာပြင်ဆင်ပြီး တင်ကစားမှာပါ။ ချယ်လ်ဆီးဟာ လူအင်အားရော သမ္ဘာပါလေးပွဲ ဆက်တိုက်သရေကျထားတဲ့ အာဆင်နယ်ထက် သာပါတယ်။ ဒါကြောင့်အိမ်ရှင် ချယ်လ်ဆီးတို့ ဒီပွဲမှာ မရှုံးလောက်ပါဘူး။

ယူအီးအက်ဖ်အေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်

အမှတ်ပေးဇယား အဆင့်(၄)အောက်က အသင်းတွေဖြစ်တဲ့ အဲဗာတန်၊ ပို့မောက်နဲ့ ဗီလာတို့ဟာ ယူအီးအက်ဖ်အေ ဝင်ခွင့်ရဖို့အတွက် အပြိုင်ကြိုးနေတဲ့ အသင်းတွေဖြစ်ပါတယ်။ ဒီသုံးသင်းထဲမှာ အဆင့် (၅)က အဲဗာတန်ဆိုရင် စတုတ္ထနေရာ က လီဗာပူးနဲ့သုံးမှတ်ပဲ ကွာဟမှုရှိတာကြောင့် ချန်ပီယံလိဂ်ဝင်ခွင့်ကို မျှော်လင့်နိုင်ပါသေးတယ်။

ပရီမီယာလိဂ်ပွဲစဉ်(၃၁) ကစားမယ့်ပွဲစဉ်များမှာ မတ် ၂၂ ရက် (ယနေ့)၌ စပါးနဲ့ ပို့စ်မောက်၊ မစ်ဒယ်ဘရော့နဲ့ ဒါဘီ၊ နယူးကာဆယ်နဲ့ ဖူလ်ဟမ်၊ ရီးဒင်းနဲ့ ဘာမင်ဂမ်၊ ဗီလာနဲ့ ဆန်းဒါးလန်း၊ ဘလက်ဘန်းနဲ့ ဝီဂန်၊ ဘော်လ်တန်နဲ့ မန်စီးတီး၊ အဲဗာတန်နဲ့ ဝက်စ်ဟမ်းတို့ ဖြစ်ကြပြီး မတ် ၂၃ ရက် (တနင်္ဂနွေ နေ့) ၌ မန်ယူနဲ့ လီဗာပူး၊ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ ယှဉ်ပြိုင် ကစားကြမှာဖြစ်ပါတယ်။ ။

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ် အနောက်တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ရေကြီးနေသည်ကို မတ် ၁၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်လူ့အခွင့်အရေးအဖွဲ့၏ စွပ်စွဲချက် မှန်ကန်မှုမရှိဟု ကင်ညာရဲတပ်ဖွဲ့ ပြောကြား

နိုင်ရိုဘီ မတ် ၂၁

ကင်ညာနိုင်ငံတွင် ရွေးကောက်ပွဲလွန်ကာလက ဖြစ်ပွားသော အဓိကရုဏ်းများတွင် ရဲတပ်ဖွဲ့အရာရှိများသည် ဆူပူသူများကို နှိမ်နင်းရာ၌ စံနှုန်းရပ်ထားရှိကာ မမျှမတ ကျင့်သုံးခဲ့သည်ဟု အမေရိကန် အခြေစိုက် လူ့အခွင့်အရေး အဖွဲ့များက စွပ်စွဲခဲ့သည်။ ထိုစွပ်စွဲချက်များသည် မှန်ကန်ခြင်းမရှိဟု ကင်ညာရဲတပ်ဖွဲ့က မတ် ၁၈ ရက်တွင် ထုတ်ဖော်ပြောကြားကာ ငြင်းဆိုခဲ့ကြသည်။

အတိုက်အခံ အဖွဲ့အစည်းများအားကောင်းရာနယ်မြေများ၌ ရဲတပ်ဖွဲ့က အင်အားအလွန်အကျွံ သုံးစွဲ၍ နှိမ်နင်းမှုများ ပြုလုပ်သည့်အတွက် လူရာနှင့်ချီ၍ သေဆုံးခဲ့ရသည်ဟု အမေရိကန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့၏ မတ် ၁၇ရက်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၁၀၀၀ကျော်မျှသေဆုံး

ဒီဇင်ဘာ ၂၇ရက်တွင် ကျင်းပသော ရွေးကောက်ပွဲလွန်ကာလ၌ ဖြစ်ပွားသော အဓိကရုဏ်းများအတွင်း ကင်ညာနိုင်ငံ၌ လူပေါင်း ၁၀၀၀ ကျော်မျှ သေဆုံးခဲ့ရသည်။

မှန်ကန်မှုမရှိ

ရဲတပ်ဖွဲ့အနေဖြင့် ရဲလုပ်ငန်းကို ကျွမ်းကျင်မှုမရှိဘဲ အင်အားကို အလွန်အမင်းသုံးစွဲကာ နှိမ်နင်းမှုများ ပြုလုပ်ခဲ့သည်ဆိုသောစွဲချက်သည် သိမ်းကျုံး၍ စွပ်စွဲသည့် မှန်ကန်မှုမရှိသော စွဲချက်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူအီရစ်ကီရာသီက ပြောကြားသည်။ **_အမ်အင်အေ၊ရိုက်တာ။_**

မလေးရှားအစိုးရအဖွဲ့သစ် ကျမ်းသစ္စာကျိန်ဆို

ကွာလာလမ်ပူ မတ် ၂၁

မလေးရှားနိုင်ငံအစိုးရအဖွဲ့သစ်သည် စနေနေ့က အမျိုးသားနန်းတော်၌ နိုင်ငံအကြီးအကဲ မီဇန်ဇိုင်နယ် အဗီဒင်၏ ရှေ့မှောက်တွင် ငါးနှစ်သက်တမ်းကာလအတွက် ကျမ်းသစ္စာကျိန်ဆိုသည်။

မတ် ၁၀ ရက်က ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးဖြစ်သော အဗ္ဗဒူလာအာမက် ဘာဒါဝီက ဘဏ္ဍာရေးဝန်ကြီးအဖြစ်လည်းကောင်း၊ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာရက်က ကာကွယ်ရေးဝန်ကြီးအဖြစ် လည်းကောင်း ပူးတွဲတာဝန်ထမ်းဆောင်ကြသည်။

ဝန်ကြီးချုပ်က အစိုးရအဖွဲ့သစ်၏ အမည်စာရင်းကို အင်္ဂါနေ့က ကြေညာရာတွင် ဝန်ကြီး ၃၂ ဦးနှင့် ဒုတိယဝန်ကြီး ၃၇ ဦး ပါဝင်ပြီး ၎င်းတို့အနက် ထက်ဝက်ကျော်မှာ လူသစ်များဖြစ်သည်။ ထို့အပြင် ပြည်တွင်းလုံခြုံရေးဝန်ကြီးဌာနနှင့် ပြည်တွင်းဝန်ကြီးဌာနကို ပြည်ထဲရေးဝန်ကြီးဌာနအဖြစ် ပူးပေါင်းလိုက်သည်။ **_အမ်အင်အေ၊ဆင်ဟွာ။_**

ထိုင်းတောင်ပိုင်းရွာနှစ်ရွာကို လုံခြုံရေးတပ်ဖွဲ့များ ဝင်ရောက်စီးနင်း

ဗန်ကောက် မတ် ၂၁

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်ရှိ ရွာနှစ်ရွာကို စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင် ၁၀၀ ကျော်တို့ မတ် ၁၈ ရက်တွင် ဝင်ရောက်စီးနင်းရာ အကြမ်းဖက် သောင်းကျန်းသူဟု သင်္ကာမကင်းဖြစ်ရသူများနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ခဲ့သည်။

ရူဆော့ချ်ဒေသရှိ မူချ်နှင့် မိုဘွာများသို့ စစ်နှင့်ရဲဘက်တပ်ဖွဲ့သို့ ဝင်ရောက်စီးနင်းစဉ် သောင်းကျန်းသူများ၏ ပစ်ခတ်မှုကို ပြန်လည်တုံ့ပြန်ပစ်ခတ်ရာ အကြမ်းဖက်သောင်းကျန်းသူ တစ်ဦး သေဆုံးပြီးတစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

သောင်းကျန်းသူ သုံးဦးသည် အစိုးရတပ်ဖွဲ့ဝင်များရှိရာကို ပစ်ခတ်ကာ နေအိမ်မှ ထွက်ပြေးသွားကြောင်း၊ ဆက်လက်၍ အပြန်အလှန် ပစ်ခတ်ခဲ့ကြကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ပြောကြားသည်။

ထို့နောက် ဒဏ်ရာရရှိခဲ့သူတစ်ဦးကို ဖမ်းဆီးခဲ့သည်။ ၎င်းသည် ပြီးခဲ့သောလများက ဖြစ်ပွားသော ဗုံးခွဲမှုသုံးခုအတွက် ဝရမ်းထုတ်ထားခြင်း ခံရသူဖြစ်သည်။ ထိုတိုက်ပွဲ ဖြစ်ရာနေရာ၌ သောင်းကျန်းသူဟု ယူဆရသော အလောင်းတစ်လောင်းကို သက်ဆိုင်ရာတပ်ဖွဲ့က ထပ်မံတွေ့ရှိခဲ့သည်။ **_အမ်အင်အေ၊ဆင်ဟွာ။_**

ကမ္ဘာလှည့်အမျိုးသမီးအား သတ်ပြီး ရှောင်တိမ်းနေသူ ထိုင်းရဲတပ်ဖွဲ့ထံ အဖမ်းခံ

ဗန်ကောက် မတ် ၂၁

ထိုင်းနိုင်ငံ တောင်ပိုင်း ပင်လယ်ကမ်းခြေအပန်းဖြေစခန်း ဖူးခက်တွင် ဆွီဒင်ကမ္ဘာလှည့်ခရီးသည် တစ်ဦးကို သတ်ခဲ့သည်ဟု သံသယရှိသူ ထိုင်းလူမျိုးတစ်ဦးသည် ရဲတပ်ဖွဲ့ထံ လာရောက်အဖမ်းခံခဲ့ကြောင်း ရဲတပ်ဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

ဆွီဒင်လူမျိုး ဟန်နာချာလော့တာဗတ်လန် ၂၇နှစ်အား ဖူးခက်မြောက်ပိုင်း မိုင်ခါအိုပင်လယ်ကမ်းခြေရှိ သူမတည်းခိုသော ဘန်ဂလိုအနီးတွင် ဓားဒဏ်ရာများနှင့် သေဆုံးနေသည်ကို စနေနေ့က တွေ့ရသည်။

(၃၁)နှစ်ရှိ ထိုင်းအလုပ်သမား အကာရာဒက်တန်ကဲက ၎င်းအမျိုးသမီးကို အဓမ္မစော်ကားရန် ကြိုးစားရာမှ ပြန်လည်ခုခံသဖြင့် သတ်လိုက်ရခြင်းဖြစ်ကြောင်း ရဲစခန်းတွင် ဖြောင့်ချက်ပေးသည်။ **_အမ်အင်အေ၊ရိုက်တာ။_**

ကိုကာပင် ၇၀၀၀ ဘရာဇီး၌ ဖျက်ဆီး

ရီယိုဒီဂျနေရိုး မတ် ၂၁

ဘရာဇီးနိုင်ငံ အမာဇိုးနားပြည်နယ်မြောက်ပိုင်း တာဘာတင်ဂါတွင် ကိုကာပင် ၇၀၀၀ကို ပြီးခဲ့သည့် ရက်သတ္တပတ်တွင် စစ်ဘက်က မီးရှို့ဖျက်ဆီးခဲ့ကြောင်း တနင်္လာနေ့က ပြောကြားသည်။

ပထမဆုံးအကြိမ်

ဘရာဇီးမြေပေါ်တွင် ယခုကဲ့သို့ အန်ဒီယန်းမျိုးစိတ် ကိုကာပင်ကို တွေ့ရှိခြင်းသည် ပထမဆုံးအကြိမ် ဖြစ်ပြီး ယင်းမှ ကိုကင်းအနည်းငယ်သာ ထုတ်လုပ်နိုင်ကြောင်း သိရသည်။ ထိုအမျိုးအစားပေါက်သောနေရာတွင် "အီပဒူး" ဟု ခေါ်သော နောက်မျိုးစိတ်လည်း ပေါက်ကြောင်း မှတ်တမ်းရှိသည်။

ပီရူးနိုင်ငံနှင့် နယ်စပ်အနီးတောတွင်းတွင် အဆိုပါကိုကာပင်စိုက်ခင်း နှစ်ဟက်တာကို ဂြိုဟ်တုမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ယခင်က ကိုကာစိုက်ခင်းမှာ ဟက်တာ ၁၀၀မှ ၁၅၀ အထိ ရှိကြောင်း စစ်ဘက်အာဏာပိုင်များက ပြောကြားခဲ့သည်။

ကိုကာပင်များသည် ရိတ်သိမ်းရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ယင်းစိုက်ခင်းများအနီးတွင် ကိုကင်း ထုတ်လုပ်သောပစ္စည်းများနှင့်အတူ ဓာတ်ခွဲခန်းတစ်ခန်းကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။

ပြောင်းရွှေ့စိုက်

ကိုလံဘီယာနိုင်ငံမှ မူးယစ်ဆေးဝါးရောင်းဝယ်သောဂိုဏ်းများသည် ၎င်းတို့နိုင်ငံအတွင်း ကိုကာပင်များ ဖျက်ဆီးတော့မည်ဖြစ်၍ အခြားဒေသများသို့ ပြောင်းရွှေ့ စိုက်ပျိုးကြသဖြင့် ဘရာဇီးတွင် ကိုကာပင်များကို တွေ့ရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။ **_အမ်အင်အေ၊ဆင်ဟွာ။_**

ဂရိနိုင်ငံ အေသင်မြို့တွင် အဓိကရုဏ်းဖြစ်ပွားရာ အကြမ်းဖက် ဆန္ဒပြသူများအား နှိမ်နင်းနေသည့် ရဲတပ်ဖွဲ့ဝင်များကို မတ် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယ်စပ်ဖြတ်ကျော်ခိုးဝင်ရန် ကြိုးပမ်းသူ အမျိုးသမီး အီဂျစ်ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီး

အစ္စမိုင်လီယာ(အီဂျစ်) မတ် ၂၁

အီရီထရီးယားနိုင်ငံသူ အမျိုးသမီးတစ်ဦးကို မတ် ၁၈ရက်တွင် အီဂျစ်ရဲတပ်ဖွဲ့က ပစ်ခတ်ဖမ်းဆီးခဲ့သည်ဟု အီဂျစ်ရဲတပ်ဖွဲ့ကသတင်းထုတ်ပြန်သည်။ ၎င်းသည် အစ္စရေးသို့ နယ်စပ်မှ ဖြတ်ကျော်ခိုးဝင်ရန် ကြိုးပမ်းစဉ် ပစ်ခတ်ခံရခြင်းဖြစ်သည်။

အသက် ၂၅နှစ်ရှိ ကာရီနာသည် ဦးခေါင်းတွင် သေနတ်ဒဏ်ရာတစ်ချက်အပြင် စုစုပေါင်း သုံးချက်ရရှိခဲ့သည်။ အစ္စရေးနယ်မြေထဲသို့ ဝင်ရန်ကြိုးပမ်းနေသည့် ၎င်းကို ရဲတပ်ဖွဲ့က တားဆီးသော်လည်း ထွက်ပြေးသွားသည့်အတွက် ပစ်ခတ်ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဆိုင်နိုင်းဒေသရဲဌာနတွင်လည်း နယ်စပ်ဖြတ်ကျော်ခိုးဝင်သူ အီရီထရီးယားနိုင်ငံသူ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ ရင်သွေးကို ထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

အီဂျစ်ရဲတပ်ဖွဲ့သည် ယခုနှစ်တွင် နယ်စပ်သို့ပြောင်းရွှေ့လာသူများကို ဖမ်းဆီးထားပြီး ပစ်ခတ်ခဲ့ရသူမှာ ရှစ်ဦးထက်မနည်းရှိသည်။ ပြောင်းရွှေ့လာသူများအနက် အများစုမှာ အာဖရိကမှ ဖြစ်သည်။

အီဂျစ်မှ တရားမဝင် ဝင်ရောက်လာမှုကို နှိမ်နင်းရန်အစ္စရေးက ဖိအားပေးထားကြောင်း၊ ထို့အပြင် စုံစမ်းစစ်ဆေးရန်လည်း တိုက်တွန်းထားကြောင်း နိုင်ငံတကာ အမ်နက်စ်တီအဖွဲ့က ပြောကြားသည်။

အီဂျစ်နိုင်ငံသို့ ပြောင်းရွှေ့ဝင်ရောက်လာသူများတွင် အများစုမှာ ဆူဒန်နိုင်ငံမှဖြစ်ပြီး အီရီထရီးယားနိုင်ငံမှလည်း တဖြည်းဖြည်း များပြားလာသည်။ ၎င်းတို့သည် အခြေတကျနေထိုင်ရေး၊ အလုပ်အကိုင်ရှာဖွေရေး သို့မဟုတ် ခိုလှုံရေးတို့အတွက် အီဂျစ်သို့ရောက်ရှိလာကြသည်။ အာဖရိကမှ ပြောင်းရွှေ့လာသူများသည် စီးပွားရေးလုပ်ကိုင်ခွင့်မပေးခြင်းနှင့် လူမျိုးခွဲခြားဆက်ဆံမှုနှင့် ရင်ဆိုင်နေကြရကြောင်း လူ့အခွင့်အရေးအဖွဲ့က ပြောကြားသည်။ **_အမ်အင်အေ၊ရိုက်တာ။_**

ဘရာဇီးရဲတပ်ဖွဲ့မှရဟတ်ယာဉ် တစ်စင်း အမေဇုန်သစ်တော အတွင်းရှိ ကိုကာစိုက်ခင်းများကို မတ် ၁၅ရက် က ရှာဖွေနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စီးပွားရေးကျဆင်းမှုမှာ အီရတ်စစ်ပွဲကြောင့်ဟု အိုဘားမားပြော

ဝါရှင်တန် မတ် ၂၁

အမေရိကန် ဒီမိုကရက်တစ်ပါတီမှ အကြိုအခြေခံသမ္မတလောင်း ရွေးချယ်ပွဲ၌ဝင်ရောက်ယှဉ်ပြိုင်နေသူ အထက်လွှတ်တော်အမတ် ဘာရက်အိုဘားမားသည် အမေရိကန်စီးပွားရေးကျဆင်းမှုနှင့် အီရတ်စစ်ပွဲအသုံးစရိတ်ကြီးမြင့် လာမှုတို့ကို ဆက်စပ်ပြီး ကြာသပတေးနေ့က မိန့်ခွန်းပြောကြားသည်။

အီရတ်စစ်ပွဲ အသုံးစရိတ်ကို ဖြည့်ဆည်းပေးရန် အမေရိကန်မိသားစုများ၊ အဖွဲ့အစည်းများထံက မည်မျှကြာသည်အထိ တောင်းခံနေရမည်နည်းဟု အနောက်ဗာဂျီးနီးယား၌ ကျင်းပသော လူထုအခမ်းအနားတွင် အိုဘားမားက မေးခွန်းထုတ်လိုက်သည်။

အမေရိကန်မဲဆန္ဒရှင်များ၏ စိုးရိမ်သောကရောက်ကြရသည့် ကိစ္စများတွင် ဘတ်ဂျက်လိုငွေပြနေသော အမေရိကန်စီးပွားရေး၊ မြင့်တက်လာသော ရေနံဈေးနှုန်းများက အီရတ်စစ်ပွဲကို ဖြတ်ကျော်သွားခဲ့ပြီဖြစ်သည်။

သို့သော် အီရတ် စစ်မြေပြင်တွင် အမေရိကန်စစ်သား ၄၀၀၀ နီးပါး သေဆုံးရမှု၊ အမေရိကန် ဒေါ်လာ ဘီလီယံပေါင်းများစွာ စစ်စရိတ်သုံးစွဲမှုတို့ကြောင့် အီရတ်စစ်ပွဲသည် အဓိက ကျလျက်ရှိသည်။

အမေရိကန် ပြည်သူတို့သည် စီးပွားရေးကျဆင်းမှု နှုတ်ခမ်းဝပေါ်မှာ ရောက်နေကြောင်း၊ အိမ်အသီးသီးမှာ "ရောင်းရန်" ကြော်ငြာများ ချိတ်ဆွဲထားကြောင်း၊ ကြီးမြင့်လာသော လူနေမှုစရိတ်များကို လိုက်မီရန် ရုန်းကန်နေရကြောင်း၊ သာမန်ပြည်သူတို့သည် အီရတ်စစ်ပွဲအတွက် ပေးဆပ်နေရကြောင်း အိုဘားမားက ပြောသည်။

ရီပတ်ဘလီကန်ပါတီမှ ဂျွန်မက်ကိန်းသည် သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်၏ အီရတ်စစ်ပွဲနှင့်အခွန်ငွေဖြတ်တောက်ခြင်းအမှားကို ဆက်လက်ပြုလုပ်မည့်သူဖြစ်သည်ဟု အိုဘားမားက ဝေဖန်တိုက်ခိုက် လိုက်သည်။

အမေရိကန် စီးပွားရေးပညာရှင်အချို့က လွန်ခဲ့သည့်ရက်သတ္တပတ်တွင် အီရတ်စစ်ပွဲသည် အမေရိကန်အခွန်ထမ်းများအပေါ်မှာ သုံးထရီလီယံ ကျခံစေလိမ့်မည်ဟု တွက်ချက်ပြသည်။

အမေရိကန်ပြည်သူ ၇၁ရာခိုင်နှုန်းတို့ စီးပွားရေး အကျပ်အတည်း ကျရောက်ရခြင်းမှာ အီရတ်စစ်ပွဲကြောင့်ဟု အပြစ်တင်ကြကြောင်း လေ့လာမှုစစ်တမ်းတစ်ခုကို စီအင်အင်က ဗုဒ္ဓဟူးနေ့တွင် ပြောသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုမာလီယာတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ ဖြန့်ကြက်မည့်အစီအစဉ်မရှိသေး

ကုလသမဂ္ဂ မတ် ၂၁

ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို ဆိုမာလီယာတွင် မစ်ရှင်အဖြစ် ဖြန့်ကြက်မည့် အခြေအနေများမရှိသေးကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ယင်းအခြေအနေများတွင် အားလုံး အကျုံးဝင်မည့် နိုင်ငံရေးလုပ်ငန်းစဉ်နှင့် ရန်လို တိုက်ခိုက်မှုများ ရပ်ဆိုင်းရေး သဘောတူညီချက်ကိစ္စများ ပါဝင်သည်ဟု ဘန်ကီမွန်းက လုံခြုံရေးကောင်စီသို့ တင်ပြသည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။ အာဖရိကသမဂ္ဂမှ ငြိမ်းချမ်းရေး ထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းကို ဆက်ခံနိုင်စေရန်အတွက် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များကို တစုတစည်းဖြစ်စေမည့် အရေးပေါ်အစီအစဉ်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရုံးက အခြေအနေနှင့်ကိုက်ညီစေရန် ဖော်ဆောင်ပေးရမည်ဟု ဘန်ကီမွန်း၏ ကြေညာချက်တွင် ပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း စီကျန်းပြည်နယ် ဟန်ကျိုးပင်လယ်အော်ကို ဖြတ်သန်း တည်ဆောက်ထားပြီး ဧပြီလကုန်တွင် ဖွင့်လှစ်တော့မည့် ကမ္ဘာ့အရှည်ဆုံး ပင်လယ်ကူး ကြိုးတံတားကြီးအား မီးရောင်များဖြင့် အလှဆင်ထားသည်ကို မတ် ၂၀ ညက တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရသူ ရီဗက်စ်လီတာမီ ဒုတိယမြောက် ဘုရင်အယ်လ်ဘတ်ဘုရင် ရှေ့မှောက်၌ မတ် ၂၀ ရက်က ကျမ်းသစ္စာ ကျိန်ဆိုစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာရေးရာ သတင်းများ

အာဖဂန်တွင် ကန်ဦးဆောင်သော တပ်ဖွဲ့က မိသားစုဝင်ခြောက်ဦးကို သတ်ခဲ့

မူကီဘယ် (အာဖဂန်နစ္စတန်) မတ် ၂၁

အမေရိကန်ဦးဆောင်သည့် အပေါင်းအပါတပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသတွင် ရှာဖွေစီးနင်းခဲ့စဉ်အတွင်း လူကြီးသုံးဦး၊ ကလေးနှစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးတို့ကိုသတ်ဖြတ်ခဲ့ကြောင်း ပြည်နယ်တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျေးရွာမှဒေသခံများက ဗုဒ္ဓဟူးနေ့တွင်ပြောကြားသည်။

သေဆုံးသူများမှာ ညီအစ်ကိုနှစ်ဦး၏ မိသားစုများဖြစ်ပြီး အရပ်သားများဖြစ်ကြသည်။ သို့ရာတွင် အဆိုပါညီအစ်ကိုနှစ်ဦးသည် အိမ်လုပ်ဗုံးအသုံးပြုကာ ဗုံးဖောက်ခွဲရာတွင်ပါဝင်ခဲ့သူများဖြစ်သည်ဟု ဆိုသည်။

အရပ်သားများသေဆုံးမှုသည် အတိမ်းအစောင်းမခံသည့်ပြဿနာဖြစ်ပြီး အနောက်အုပ်စုလိုလားသည့် သမ္မတကာဇိုင်းအစိုးရနှင့် ပြည်ပတပ်ဖွဲ့ဝင်များ အာဖဂန်သို့ရောက်ရှိမှုအပေါ် ပြည်သူလူထု၏ထောက်ခံမှုကို ကျဆင်းစေသည်။

မိမိတို့က ဂျီဟတ်စစ်သွေးကြွများနှင့် ပူးပေါင်းမည် "ဘုရှ်အစိုးရကျဆုံးပါစေ "ဟူသည့် ကြွေးကြော်သံများကို ခို့စ်ပြည်နယ်၊ မူကီဘယ်ကျေးရွာမှ ဒေသခံများက ဟစ်ကြွေးကြသည်။ ***အမ်အင်အေရိုက်တာ။***

အင်ဒိုနီးရှားက ကြက်ငှက်တုပ်ကွေးတိုက်ဖျက်ရာတွင် အကူအညီများလိုအပ်ဟု ကုလသမဂ္ဂပြောကြား

မီလန် မတ် ၂၁

အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွားသည့် H_5 N_1 ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး ထိန်းချုပ်ရေးအတွက် အနည်းအကျဉ်းသာဆောင်ရွက်ခဲ့နိုင်ပြီး အင်ဒိုနီးရှားအနေဖြင့် အဆိုပါဗိုင်းရပ်စ် ထိန်းချုပ်နိုင်ရန် နိုင်ငံတကာ၏ အကူအညီအများအပြားလိုအပ်နေကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အက်ဖ်အေအိုက အင်္ဂါနေ့တွင် ပြောကြားသည်။

စောင့်ကြည့်လေ့လာရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုအဖွဲ့များက အင်ဒိုနီးရှားနိုင်ငံမှ ခရိုင် ၄၄၈ခုအနက် ၁၈၃ ခရိုင်တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် ၃၁ပြည်နယ်ရှိ ငှက်များ၌ အဆိုပါ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည်ကို တွေ့ရှိခဲ့သည်ဟု အက်ဖ်အေအို တိရစ္ဆာန်ဆေးကုဌာနမှ အကြီးအကဲဖြစ်သူ ဂျိုဇက်ဒိုမီးနက်က ပြောကြားသည်။

၂၀၀၈ ခုနှစ် ဇွန်လတွင် စောင့်ကြည့်လေ့လာရေးနှင့် တုံ့ပြန်ဆောင်ရွက်မှု အဖွဲ့ဝင်၂၀၀၀ ကျော်က အင်ဒိုနီးရှားနိုင်ငံ အတွင်းရှိ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် ခရိုင်ပေါင်း ၃၀၀တွင် တက်ကြွစွာ ဆောင်ရွက်ကြမည်ဖြစ်သည်ဟု ဆိုသည်။

သို့ရာတွင် ယင်းအဖွဲ့အင်အားဖြင့် လုံလောက်မှုမရှိသေးဟု ဒိုမီးနက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ချီလီနိုင်ငံတစ်ဝန်း၌ ရာဇဝတ်မှုဖြိုခွင်း ၈၄၉ ဦး ထိန်းသိမ်းခံရ

ဆန်တီယာဂို မတ် ၂၁

ချီလီရဲတပ်ဖွဲ့သည် နိုင်ငံတစ်ဝန်းလုံး၌ ရာဇဝတ်မှု ဖြိုခွင်းရေးကို ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်တွင် လူ ၈၄၉ဦးကို ထိန်းသိမ်းခဲ့ကြောင်း အစိုးရက ပြောကြားသည်။

ပထမအကြိမ် အစိုးရဦးဆောင်သည့် ရာဇဝတ်မှု ဖြိုခွင်းရေးကာလတွင် လက်နက် ကိုးလက်၊ ခဲယမ်းနှင့် မူးယစ်ဆေးဝါးတို့ကိုလည်း သိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဌာန ဒုတိယဝန်ကြီး ဖီလီပီဟာဘိုးက ပြောကြားသည်။

အဖမ်းခံရသူ အများစုမှာ ချီလီနိုင်ငံ မြို့တော် ဆန်တီယာဂို ပတ်ဝန်းကျင်ဒေသများမှဖြစ်သည်။

အထင်ကရမြို့များတွင် ရာဇဝတ်မှု ဖြိုခွင်းရေးကို ရဲတပ်ဖွဲ့အင်အား ၁၀၀၀ ကျော်ဖြင့် သံသယရှိသော ယာဉ်များနှင့် လူများကို စစ်ဆေးခဲ့သည်ဟု ဒုတိယဝန်ကြီးက ပြောကြားသည်။

ချီလီနိုင်ငံ မြို့တော် ဆန်တီယာဂိုနှင့် အခြားဒေသတို့၌ မကြာသေးမီ နှစ်များအတွင်း လုံခြုံရေးအခြေအနေ ယိုယွင်းလာသည်။

နိုင်ငံတစ်ဝန်းတွင် ကုမ္ပဏီနှင့် ဘဏ်ဓားပြတိုက်မှုများ၊ အိမ်ဖောက်ထွင်းမှုများစသည့် ရာဇဝတ်မှုများ မကြာခဏဖြစ်ပွားနေ၍တိုင်ကြားမှု ဖြစ်ပေါ်လျက်ရှိသည်ဟု သတင်းကဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆော်ဒီအာရေးဗီးယား၌ အမျိုးသမီးသီးသန့်ဟိုတယ်ဖွင့်

ရီယတ် မတ် ၂၁

ဆော်ဒီအာရေးဗီးယား နိုင်ငံတွင် အမျိုးသမီးသီးသန့်ဟိုတယ်ကို ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်လိုက်သည်။ ယင်းဟိုတယ်တွင် အမျိုးသမီးများအတွက် ကျန်းမာရေး လေ့ကျင့်နိုင်သော အဆင့်မြင့်သည့်အခန်းများ၊ ပစ္စည်းများ စုံလင်လှသည့် အလှပြင်အခန်းများ ပါဝင်သည်။

နေရာအနှံ့မှာရှိ

ဟိုတယ်တွင် အခန်းစောင့်များသည်လည်း အမျိုးသမီး၊ စီမံခန့်ခွဲသူများမှာလည်း အမျိုးသမီး၊ သန့်ရှင်းရေးဆောင်ရွက်မှုများမှာလည်း အမျိုးသမီး၊ သတင်းနည်းပညာ အင်ဂျင်နီယာများမှသည် လျှပ်စစ်အင်ဂျင်နီယာများအထိ အားလုံး အမျိုးသမီးများဖြစ်ကြောင်း အမှုဆောင်ဒါရိုက်တာ လိုရိမ်းကော့တင်ဟိုက သတင်းဌာနသို့ ပြောကြားသည်။ ကမ္ဘာတစ်ဝန်းလုံးတွင် အမျိုးသမီး ဟိုတယ်များရှိကြောင်း၊ ဘာလင်မြို့မှသည် အမေရိကန်ပြည်ထောင်စု အထိ နေရာအနှံ့မှာရှိကြောင်း ၎င်းက ဆက်လက်ပြော သည်။ ***အမ်အင်အေ၊ရိုက်တာ။***

စားသောက်ကုန်ဈေးနှုန်းမြင့်တက်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအား ပိုမိုကူညီရန် အလှူရှင်နိုင်ငံများအား ကုလသမဂ္ဂတိုက်တွန်း

ဒါကာ မတ် ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စားနပ်ရိက္ခာနှင့် ဈေးနှုန်းမြင့်တက်မှုကို အောင်မြင်စွာဖြေရှင်းနိုင်ရန် အလှူရှင်နိုင်ငံများအနေဖြင့် ငွေကြေးပိုမိုကူညီထောက်ပံ့သင့်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်အကြီးအကဲက မတ် ၁၉ ရက်တွင် ပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယမန်နှစ်က ဆိုက်ကလုန်းမုန်တိုင်းဒဏ်ခံရသဖြင့် ပြည်သူသန်းပေါင်းများစွာ အတိဒုက္ခရောက်ရသည်။ ထိုဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအစဉ်များကို ပြန်လည်သုံးသပ်ရန်နှင့် အကူအညီပေးရန် အလှူရှင်များအားတိုက်တွန်းကြောင်း အဆိုပါအကြီးအကဲ တီမဲလ်ဒါဗစ်က မေတ္တာရပ်ခံထားသည်။

ရေနံပေါကြွယ်ဝသည့်နိုင်ငံများအပြင် အခြားအလှူရှင်နိုင်ငံများက ထောက်ပံ့မည့်အကူအညီများသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများအတွက် အကျိုးများစွာဖြစ်ထွန်းကြောင်း ၎င်းကပြောကြားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် စားသုံးဆီနှင့် စားနပ်ရိက္ခာဈေးနှုန်း ပြီးခဲ့သည့်နှစ်ကထက် ၁၀၀ ရာခိုင်နှုန်းတိုးလာသည်။

အစိုးရက အရှုံးခံ၍ရောင်းချပေးနေသည့် ရေနံနှင့်ထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည်ပင်လျှင် ၂၂ရာခိုင်နှုန်းမြင့်တက်သွားသည်။ ဘင်္ဂလာဒေ့ရှ်နိုင်ငံရှိ လူဦးရေ သန်း ၁၄၀ အနက် သန်း ၄၀သည် ဆင်းရဲမွဲတေပြီး နိမ့်ကျသောအခြေအနေတွင် နေထိုင်ကြရသည်ဟုဆိုသည်။ ကုန်ဈေးနှုန်းကြီးမြင့်သည့်အခြေအနေကြောင့် နွမ်းပါးသူများသည် ၎င်းတို့ရရှိသောဝင်ငွေ၏ ၇၀ရာခိုင်နှုန်းကို စားသောက်ရေးအတွက် သုံးစွဲကြရကြောင်း စာရင်းအင်းများက ဖော်ပြသည်။ ***အမ်အင်အေ၊ ရိုက်တာ။***



အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းတွင် မတ် ၂၀ ရက်က ငါးလိပ်စွန်တစ်ကောင် လေ့ပေါ်ခုန်တက်သဖြင့် လှေပေါ်တွင် နေပူစာလှုံနေသူ အမျိုးသမီးတစ်ဦး ငါးလိပ်စွန်၏ ဆူးချွန်ဖြင့် ထိုးမိကာ သေဆုံးသွားခဲ့သည်။ ပုံတွင် အဆိုပါ ငါးလိပ်စွန်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံသတင်းစာ စာမျက်နှာ ၂၀

ငွေ ၅၆၀၉၃၀၈၂ ကျပ် တန်ဖိုးရှိသည့် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ စည်ကားသိုက်မြိုက်စွာ ကြည်ဖြူသဒ္ဓါဖြင့် လောင်းလှူ ပူဇော်

❁ **ရှေ့ဖုံးမှ**

ဘွဲ့တံဆိပ်တော်များနှင့် သာသနာနုဂ္ဂဟ သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်း၍ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်ကြီးများနှင့် ဘွဲ့တံဆိပ်တော် အလှူခံယူတော်မူကြမည့် ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ၊ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်နှင့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)တို့မှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဈေးမိဈေးဖများ၊ သာသနာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာပြုဘွဲ့နှင့် သာသနာနုဂ္ဂဟဘွဲ့ရရှိကြသည့် ပြည်တွင်း ပြည်ပမှ လူပုဂ္ဂိုလ်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား မစတင်မီ နံနက် ၁၁ နာရီမှ စတင်၍

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ဧည့်ပရိသတ်များ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရင်တသိမ့်သိမ့်ခံစားရမည့်“သစ္စာမော်ကွန်း” ရုပ်မြင်သံကြားဇာတ်လမ်း (၆၃)နှစ်မြောက် တပ်မတော်နေ့အကြို ထုတ်လွှင့်မည်

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၁

(၆၃)နှစ်မြောက် တပ်မတော်နေ့ ရောက်ရှိတော့မည်။ တပ်မတော်နေ့ရောက်တိုင်း တပ်မတော်နေ့ကို ဂုဏ်ပြုသည့် ရုပ်မြင်သံကြားဇာတ်လမ်းကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ပေးလျက်ရှိရာ ယခု (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုရိုက်ကူးထားသည့် **“သစ္စာမော်ကွန်း”**အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်း ထုတ်လွှင့်ပေးတော့မည်ဖြစ်သည်။

ထို့ကြောင့် **“သစ္စာမော်ကွန်း”** ရုပ်မြင်သံကြားဇာတ်လမ်းကို ရိုက်ကူးခဲ့သူ ဒါရိုက်တာနှင့် သရုပ်ဆောင်အချို့ကို တွေ့ဆုံကာ ပါဝင်ရိုက်ကူးခဲ့မှုများကို တွေ့ဆုံမေးမြန်းခဲ့သည်။ **“သစ္စာမော်ကွန်း”** ရုပ်မြင်သံကြားဇာတ်လမ်းကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ ညိုမင်းလွင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “ဒီဇာတ်ကားကို ရိုက်ကူးခဲ့တဲ့နေရာမှာ တပ်မတော်သားတွေရဲ့ဘဝကို တကယ်ကိုယ်စားပြုပြီး ရိုက်ကူးခဲ့တာဖြစ်သလို တပ်မတော်သားတွေရဲ့ဘဝကို မြင်တွေ့ခံစားစေချင်လို့လဲ ဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ အချစ်၊ တပ်မတော်သားဘဝနဲ့ တိုက်ပွဲတွေပါဝင်ပြီး နေရာမျိုးစုံမှာ ရိုက်ကူးခဲ့တာဖြစ်ပါတယ်”ဟု ဒါရိုက်တာ ညိုမင်းလွင်က ပြောပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ●

ထူးခြားသည့် နေ့အပူချိန်များ

၂၁-၃-၂၀၀၈

ချောက်

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ မန္တလေး၊ မြင်းခြံ၊ ညောင်ဦး၊ နေပြည်တော်ပျဉ်းမနား၊ မင်းဘူး၊ မကွေး၊ အောင်လံ၊ တောင်တွင်းကြီးနှင့် သာယာဝတီ

၄၀ ဒီဂရီစင်တီဂရိတ်စီ (၁၀၄ ဒီဂရီဖာရင်ဟိုက်စီ)

လျှပ်စစ်သုံးလျှင် အသိယှဉ်၍ ဝန်အားမမျှ မသုံးရ